

mgyoe.com
SAMPLE BOOK




mgyoe.com



mgyoe.com SAMPLE BOOK

ဗန်းမော်တင်အောင်

# ပန်းများပွင့်သော ညတည

ပန်းများပွင့်သောညတည-ဗန်းမော်တင်အောင်

9 782024 000754

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၇၅)

## ပုံနှိပ်မှတ်တမ်း



# ဗန်းမော်တင်အောင်

# ပန်းများပွင့်သော ညတည

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၁၉၆၂ ခုနှစ်၊ ရှင်ကြည်ကြည်စာပေ
ဒုတိယအကြိမ်၊ ၂၀၂၄ ခုနှစ်၊ မတ်လ

မျက်နှာဖုံးဒီဇိုင်း ♦ ဗဂျီလင်းဝဏ္ဏ

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀

စာအုပ်တန်ဖိုး ♦ ၄၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၆၀၂၀

ဗန်းမော်တင်အောင်
ပန်းများပွင့်သော ညတည / ဗန်းမော်တင်အောင်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၁၂၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၇၅) ပန်းများပွင့်သော ညတည

mgyoe.com

mgyoe.com

SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | ပျိုး | အညာရယ် အလွမ်းရယ် မိချောရယ် |
| ၂။ | မယ်စု | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး |
| ၃။ | နိုင်းနိုင်းစနေ | နောက်ဆုံးနတ်သူငယ် |
| ၄။ | လင်းရောင်နီစဘော | ရိုးရာနှင့်အညာဓလေ့ဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် |
| ၆။ | မိုင်ရာ | တစ္ဆေညရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးစက်ငြိမ်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လူခါး | ဦးအောင်သင်းကို မော့ကြည့်ခြင်း |
| ၉။ | နိုင်းနိုင်းစနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သန္တာ | မလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဇင်နေမင်း | ခေါင်မိုးများ |
| ၁၂။ | ဝါဝါတင့်ဆွေ | အက်ဒ်ဒီ |
| ၁၃။ | နေထွန်းလင်း | ငါ့ဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြဇင် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | စုးရှမေ | ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း |
| ၁၆။ | နဒီလင်းသစ်ဆေး-၂ | အိမ်ထောင့်သုခ |
| ၁၇။ | ရွှေဥဒေါင်း | ပထမ ဆရာသိန်း |
| ၁၈။ | နိုင်းနိုင်းစနေ | နလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း |
| ၁၉။ | ကိုလေးမြတ် | ကားဂိတ် |

mgyoe.com

mgyoe.com

SAMPLE BOOK

စာရိပ်မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၂၀။ | လင်းရောင်နီ(စဘော) | ဒေါင်းမြရိ |
| ၂၁။ | ရွှေဥဒေါင်း | စစ်ရှုံးသူ |
| ၂၂။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | အဝါရောင်ကောင်းကင် |
| ၂၄။ | မျိုး | ဖယောင်း ဥယျာဉ် |
| ၂၅။ | သက်ပိုင်(မြန်မာပြန်) | သမီးရတနာ |
| ၂၆။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ဖို့ ဒီလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်ဘုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် သေနိုင်တယ် |
| ၂၉။ | ဒေါက်တာအောင်ဆေး-၂ | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်အိမ် | ဘာညာကွိကွ |
| ၃၁။ | ဝေစီးပွားရေးတက္ကသိုလ် | ဆူးဖယ်လက် |
| ၃၂။ | ညို(ထွန်းလူ) | ငါတို့ ရှာပြန်ကြရအောင် |
| ၃၃။ | လင်းရောင်နီ(စဘော) | ရွှေလွှန်းပျံ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | စိုးဘားဒိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | ရှုပနန္ဒီ ရှုပကလျာဏီ |
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |
| ၃၇။ | ထက်ဘုန်းရှိန် | အချစ်မြစ်ပြင်က မေတ္တာရေကြည်လေးတွေ |
| ၃၈။ | နိုင်းနိုင်းစနေ | ကျွန်တော် ဂျက်ကီချန်း |

mgyoe.com

mgyoe.com

SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၃၉။ | မျိုး | လွမ်းနေဦးမည့် ငွေတောင်ပြည် |
| ၄၀။ | သက်ပိုင် | နွမ်းလျှငှက်ငယ် |
| ၄၁။ | အေထူးအောင်အဏ္ဏဝါ | တစ်ခါက ပင်လယ် |
| ၄၂။ | ခဲတံ | စိတ်ခံစားမှုများကို ကုစားခြင်း |
| ၄၃။ | ခွန်ညီညီသွေး | နကွတ်ကြေ ပျိုးခင်း |
| ၄၄။ | ထက်ဘုန်းရှိန် | ဘဝသမုဒ္ဒရာထဲက အစာအာဟာရ |
| ၄၅။ | လင်းသစ် | နကွတ်မှားတဲ့ ချစ်ခြင်း |
| ၄၆။ | ဂျူလိုင်ကျော်မင်း | တောင်ဇလပ်နီရောင် တိမ်တိုက်တွေ |
| ၄၇။ | နိုင်းနိုင်းစနေ | ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ |
| ၄၈။ | စုမြတ်ချစ် | အဆိပ်သင့် နှလုံးသား |
| ၄၉။ | ထက်ဘုန်းရှိန် | ပျောက်ဆုံးအချစ် ကူးလွင့်ပင်လယ် |
| ၅၀။ | နိုင်းနိုင်းစနေ | ထွက်ခွာသွားခြင်းအတွက် ကျေးဇူးပါ |
| ၅၁။ | မိုင်ရာ | ဝင့်ကြွေးရှိခဲ့သော် |
| ၅၂။ | ကိုလေးမြတ် | ရွာအကြောင်း၊ ရွာကလူတွေအကြောင်း |
| ၅၃။ | သိန်းသန်းထွန်း | ဘယ်ပန်းချီရေးလို့မှ မမီ |
| ၅၄။ | ပန်းငုဝါဝါ | ကမာရွတ်အိပ်မက်... လည်းတန်းပုံပြင် |
| ၅၅။ | မင်းဝေဟင် | လရိပ်အောက်က မိုးတိမ် |
| ၅၆။ | ရွှေဥဒေါင်း | အကြံဉာဏ်ဖြင့် ကြီးပွားရေး |
| ၅၇။ | နိုင်းနိုင်းစနေ | ဒေါက်တာ ဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန် မှုခင်းများ |

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၅၈။ | ထက်ဘုန်းရှိန် | အပန်းပြေရာ အနားယူရာ |
| ၅၉။ | ခဲတံ | ပျော်ရွှင်သောစိတ်ထား |
| ၆၀။ | ညီလေးငယ် | မှုန်ြာမြိုင် |
| ၆၁။ | သားထွေး | ကိုယ်တိုင်လွတ်မြောက်ခြင်း |
| ၆၂။ | ဖျိုး | အလွမ်းဖြင့် နွေးစေ |
| ၆၃။ | နဒီလင်းသစ်ဆေး-၂ | ၁၉၂၂ |
| ၆၄။ | ရဲမြတ် | ကုန်းဘောင်ရယ် လွမ်း |
| ၆၅။ | ဗန်းမော်တင်အောင် | မမကြီး |
| ၆၆။ | လင်းသစ် | အတွေးတို့ စေညွှန်ရာ |
| ၆၇။ | နိုင်းနိုင်းစနေ | ထင်ရှားသူတို့၏ ဘဝပုံပြင် |
| ၆၈။ | နိုင်းနိုင်းစနေ | လျှို့ဝှက်တဲ့ သန်းကြွယ်သူဌေး |
| ၆၉။ | နိုင်းနိုင်းစနေ | လျှို့ဝှက်ဥယျာဉ် |
| ၇၀။ | နိုင်းနိုင်းစနေ | ကျွန်မဖတ်ဖို့ |
| ၇၁။ | ခဲတံ | ကိုယ်တို့ တွဲကြရအောင် |
| ၇၂။ | ခဲတံ | ချစ်ခြင်းမေတ္တာဖြင့် ထိတွေ့ဆက်ဆံခြင်း အနုပညာ |
| ၇၃။ | နိုင်းနိုင်းစနေ | နှလုံးသားဝန်ဆောင်မှု |
| ၇၄။ | နိုင်းနိုင်းစနေ | နှလုံးသားဝန်ဆောင်မှု |

ယခုထွက်ရှိသည့် စာရိပ်မြိုင်အမှတ်စဉ် (၇၅)
ဗန်းမော်တင်အောင် - ပန်းများပွင့်သော ညတည

mgyoe.com

mgyoe.com SAMPLE BOOK

# မဟာမြိုင် ရဲတိုက်ကြီး

ရန်ကုန် ပြည်လမ်းမကြီးဘေးရှိ မဟာမြိုင်ရဲတိုက်ကြီးအတွင်း၌ 'ပန်းများ ပွင့်သော ညတစ်ည'၏အကြောင်းကို ထိုပတ်ဝန်းကျင်နှင့် အနီးတစ်ဝိုက်မှ ရှေ့မှီ နောက်မှီ လူကြီးသူမတို့သည် ထူးဆန်းအံ့ဩဖွယ်ရာ အကြောင်းအရာ အဖြစ်အပျက် တစ်ရပ်အနေနှင့်သော်လည်းကောင်း၊ ကြေကွဲလွမ်းဆွတ်ဖွယ်ရာ ရှေးဟောင်းဒဏ္ဍာရီ ကလေးတစ်ခုအနေနှင့်သော်လည်းကောင်း ယနေ့ထက်တိုင် တဖွဖွ ပြောဆိုလျက် ရှိနေကြတုန်းပင် ဖြစ်လေသည်။ အလွန်တရာ ကြီးကျယ်ခမ်းနားခြင်း ရှိလှပါသည်ဟု ဆိုသော ထိုရဲတိုက်ကြီးအတွင်း၌ တစ်ရံရောအခါက ဖြစ်ပွားခဲ့သည့် အကြောင်းအရာ နှင့် အဖြစ်အပျက်များသည် လူအဆက်ဆက် လွန်ကာ နှစ်ပရိစ္ဆေဒ အတန်ပင် ကြာညောင်းခဲ့ပြီဖြစ်သော်လည်း မည်ကဲ့သို့မျှ ဟောင်းအိုသွားခြင်းမရှိဘိသေးသကဲ့သို့ တစ်အိမ်အိမ်တွင် အကြောင်းကြောင်းကြောင့် လူစုဝေးမိကြ၍ စကားစပ်မိကြသော အခါများတွင် ၎င်းတို့အချင်းချင်းလည်း ထိုအကြောင်းအရာ၏ အဖြစ်အပျက်တို့ကို တသသနှင့် ပြောဆိုခြင်း ပြုတတ်ကြလေ့ ရှိသည်။

အထူးသဖြင့် ၎င်းတို့၏ အရပ်ဒေသသို့ ကြွတောင့်ကြွခဲ ရောက်ရှိလာ တတ်ကြသော ဧည့်သည် အာဂန္တုများကိုမူကား မဟာမြိုင်ရဲတိုက်ကြီးအတွင်း၌ ပန်း များပွင့်သော ညတစ်ည၏ အကြောင်းကို စိတ်ရှည်လက်ရှည်နှင့် ခရေစေ့တွင်းကျ ပြောပြခြင်း ပြုတတ်ကြလေ့ရှိသည်။ ထိုကဲ့သို့ ပြောကြပြီးနောက် ယခုအခါတွင် များစွာ

mgyoe.com

mgyoe.com SAMPLE BOOK

ဟောင်းအို ဆွေးမြေ့၍နေလေပြီဖြစ်သော မဟာမြိုင်ရဲတိုက်ကြီးအတွင်းသို့ ထိုအာဂန္တုကို ခေါ် ဆောင်သွားတတ်ကြပြီးလျှင် မမောမပန်း လိုက်လံပြသတတ် ကြလေသည်။

အထက်တွင် ဖော်ပြခဲ့သော မဟာမြိုင်ရဲတိုက်ကြီးနှင့် ပန်းများပွင့်သော ညတစ်ည၏ အကြောင်းတို့ကို ခရေစေ့တွင်းကျ ပြောပြပြီးနောက် ထိုရဲတိုက်ဟောင်းကြီးအတွင်းသို့ ကျွန်တော့်အား ရှေ့ဆောင်လိုက်လံ ပြသသူမှာ ဘကြီးမှုန်ဆိုသော အဘိုးကြီးအိုတစ်ဦး ဖြစ်လေသည်။ အသက်ရှစ်ဆယ်ပင် နီးနေပြီဖြစ်သော်လည်း ကျန်းမာရေးသည် များစွာကောင်းမွန် ပြည့်စုံလှသည့်အလျောက် မှတ်ဉာဏ်လည်း ကောင်းတုန်းပင် ဖြစ်လေသည်။

တစ်ရံရောအခါက အခြေအရံ အသင်းအပင်းများဖြင့် ခံ့ညားထည်ဝါလှပါသည်ဆိုသော မဟာမြိုင်ရဲတိုက်ကြီးကား ယခုအခါတွင် ဇရာက ထောင်းသဖြင့် အိုမင်းဆွေးမြေ့ကာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေပြီ။ လူသူများ နေထိုင်စိုးစံခြင်းမပြုတော့သဖြင့် ရဲတိုက်ကြီးအတွင်း၌ ပင့်ကူအိမ်များ၊ လင်းနို့ချေးများနှင့် ကြွက်သိုက်များဖြင့် ညစ်ပတ်ပေကျံကာ ရဲတိုက်ကြီး၏ အပြင်အပ၌လည်း ရေညှိများနှင့် ချုံနွယ်ပိတ်ပေါင်းများက ရစ်ပတ်ဖုံးလွှမ်းစပြုချေပြီ။

ရဲတိုက်အဆောက်အဦသည် ထုထည်ကြီးမားလှဘိသော နှစ်ထပ်တိုက်ကြီးတစ်လုံး ဖြစ်လေသည်။ ဆင်ဝင်သုံးဘက်နှင့်လည်း ဖြစ်သည်။ အောက်ထပ်တစ်ထပ်တည်းတွင် အခန်းပေါင်း ကိုးခန်းရှိလျက် အပေါ် ထပ်တွင်ကား ခုနစ်ခန်းမျှပင် ရှိလေသည်။ ထိုကဲ့သို့ အခန်းများအပြင် လသာဆောင်နှင့် လေသာဆောင်များလည်း ရှိကြသေးသည်။ အေးမြသော ရာသီများတွင် ရဲတိုက်ကြီးကို အနွေးဓာတ်ပေးရန်အတွက် အောက်ထပ်တွင် မီးလှုံသော အခန်းကြီးတစ်ခန်းကို သပ်သပ်ပြုလုပ်ထားပြီးနောက် မီးခိုးများကို အာကာသသို့ ထုတ်လွှတ်ပစ်လိုက်ရန်အတွက်လည်း မီးခိုးခေါင်းတိုင်ကို တပ်ဆင်ထားလေသည်။

သဘာဝတရားကို လွန်ဆန်ခြင်းမပြုနိုင်ဘဲ များစွာဟောင်းအို ဆွေးမြေ့နေလေပြီဖြစ်သော အဆောက်အဦပျက်ကြီးကို ထိုအဘိုးကြီးအိုသည် တစ်နာရီနီးပါးခန့်မျှ လိုက်လံပြသခြင်းပြုပြီးနောက် ဧကငါးဆယ်သာသာခန့်မျှ ကျယ်ဝန်းလိမ့်မည်ဟု ခန့်မှန်းရသော မဟာမြိုင် ရဲတိုက်ဝင်းကြီးကိုလည်း လှည့်ပတ်ပြသခြင်း ပြုသေးသည်။ ထိုသို့ ရဲတိုက်ဝင်းအတွင်း၌ လှည့်ပတ်ကြည့်ရှုရင်း နှစ်နာရီခန့်မျှ အချိန်ကုန်သွားလေသည်။ နှစ်နာရီခန့်မျှ ထိုသို့လှည့်ပတ်ကြည့်ရှုခြင်း ပြုခဲ့ရသည့်အတွင်း စိတ်ဝင်စားစရာ တွေ့မြင်ခဲ့ရသော ရဲတိုက်ကြီး၏ အဆောင်အယောင်တစ်ခုသည်ကား

mgyoe.com

mgyoe.com SAMPLE BOOK

ကြီးမားလှသော ရေကန်ကြီးတစ်ကန်ပင် ဖြစ်လေသည်။ မဟာမြိုင်ရဲတိုက်ကြီး နှုပ်ျိ၍ ရဲတိုက်ရှင်များ ဘုန်းတောက်ခဲ့ကြစဉ်က ထိုရေကန်ကြီးကို အလွန်တရာ အရေးပေး ယုယထားခဲ့ကြဟန်လည်း ရှိလေသည်။ ငွေကြေးအမြောက်အမြား အကုန်ခံကာ ပြုစုစောင့်ရှောက်ထားခဲ့ကြပုံလည်း ရလေသည်။

ရဲတိုက် အဆောက်အဦပျက်ကြီးနှင့် မလှမ်းမကမ်းတွင် ထိုရေကန်ကြီးကို တွေ့ရလေသည်။ ရေကန်သည် ဆယ်ဧကသာသာခန့်မျှ ကျယ်ဝန်းလိမ့်မည်ဟု ခန့်မှန်းရပေသည်။ ဘကြီးမှုန်၏ ပြောပြချက်အရ ထိုကန်ကြီးကို လုပ်သား တစ်ရာခန့်နှင့် ခြောက်လကျော်ကျော်မျှ တူးဖော်ရသည်ဟု ဆိုလေသည်။ ထိုသို့တူးဖော်ပြီးနောက် ထိုကန်ကို ထိန်းသိမ်းစောင့်ရှောက်ရသည့်အတွက် တစ်နှစ်တစ်နှစ်လျှင် ငွေကြေး အတော်ကုန်ကျသည်ဟုလည်း ဆိုလေသည်။ သို့ရာတွင် ယခင်ရဲတိုက်ရှင်များလက်ထက်က ဂရုတစိုက် ဖို့ထား၊ ခတ်ထားခဲ့သော ကန်ဘောင်သည်ကား ယခုအခါတွင် ပျက်စီးခြင်းမက ပျက်စီးလျက် ရှိနေသည်ကို တွေ့ရလေသည်။ ထိန်းသိမ်းပြုပြင်ပေးမည့်သူလည်း မရှိရှာတော့သဖြင့် ရေကန်သည် သာယာခြင်း မရှိတော့သည့်အပြင် ရေကန်နှင့်ပင် မတူတော့ချေ။ အိုင်စပ်ကလေးတစ်ခုနှင့်မခြား များစွာညစ်ပတ်ပေကျံလျက် ရှိနေသည်။ ယခင်က ကြာနီများ၊ ပဒုမ္မာကြာများနှင့် ကုမုဒြာကြာများဖြင့် တင့်တယ်ကြည်လင်လှသည်ဆိုသော ရေကန်ကြီးကား ယခုအခါတွင် ရေညှိများ၊ ဒိုက်များနှင့် မှော်များက ကွက်လပ်မကျန်အောင် ဖုံးလွှမ်း၍ ထားကြလေပြီး ကန်ဘောင်ရိုး ပတ်ပတ်လည်တွင် ယခင်က စိုက်ထားသည်ဆိုသော ကုံကော်ပင်များကိုလည်း တစ်ပင်တလေမျှ မတွေ့ရ မမြင်ရတော့ချေ။ ကန်ရိုးဘက်တွင် ပေါက်ရောက်နေခဲ့သော ပိတောက်ပင်သည်လည်း ရေကန်တွင်းသို့ ယိုင်လဲပြိုကျလျက် ရှိလေသည်။

ပန်းများပွင့်သော ညတစ်ည၏ အကြောင်းအရာ အဖြစ်အပျက်များနှင့် ပတ်သက်၍ အခိုင်အခံ့ သက်သေပြနိုင်သော ပစ္စည်းများအနေနှင့် မဟာမြိုင်ရဲတိုက်ဝင်းကြီးအတွင်း၌ ထိုကဲ့သို့ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်ကာ ယိုယွင်းပျက်စီးလျက်ရှိသော အဆောက်အဦကြီး တစ်ခုနှင့် ညစ်ပတ်ပေကျံလျက်ရှိသော ရေကန်ဟောင်းကြီးတစ်ခုတို့ကလွဲ၍ အခြားစိတ်ဝင်စားစရာပစ္စည်း များများစားစားကိုမူကား ကျွန်တော်သည် မတွေ့ခဲ့၊ မမြင်ခဲ့ရချေ။ ထိုရဲတိုက်ကြီး ကောင်းစားလျက် ရဲတိုက်ရှင်များ ဘုန်းတန်ခိုး ကြီးမားခဲ့ကြစဉ်က ထိုဝင်းကြီးကို စောင့်ကြပ်ကြီးမှူးခြင်း ပြုရပါသည်ဆိုသော ထိုအဘိုးကြီးအိုက ဧကငါးဆယ်သာသာခန့်မျှ ကျယ်ဝန်းလိမ့်

mgyoe.com

mgyoe.com SAMPLE BOOK

မည်ဖြစ်သော နယ်မြေကြီးကို နှစ်နာရီခန့်မျှ စိတ်ရှည်လက်ရှည် လိုက်လံပြသခြင်း ပြုခဲ့စဉ် ထိုပန်းများပွင့်သော ညတစ်ည၏အကြောင်းကို အခိုင်အမာ သက်သေပြု နိုင်သည့် ပန်းပင်များကို တစ်ပင်တလေမျှပင် ကျွန်တော်သည် မတွေ့ခဲ့၊ မမြင်ခဲ့ ရချေ။ စလေဆရာ၏ 'ယုဇနမဟာမြိုင်မှာ ကမ္ဘာတိုင်မှီးမယ်ပလေး'ဟူ၍ စာဖွဲ့ခြင်း ပြုရလောက်အောင် ပန်းတွေ ဝေခဲ့၊ ပွင့်ခဲ့ကြသော ပန်းမာလာပြည်အတွင်း၌ ပန်း ဟူ၍သာ ဆိုရငြားသော်လည်း တစ်နှစ်လုံးနေ၍မှ နှစ်ရက်၊ သုံးရက်လောက်မျှသာ ပွင့်လေ့ရှိသော ပိတောက်ပန်းပင်သည်ပင် ဇရာ၏ ဖိစီးခြင်းကို တွန်းလှန်ခြင်း မပြု နိုင်တော့၍ ရေကန်ပျက်ကြီးအတွင်းသို့ ၎င်း၏ဘဝကို အဆုံးသတ်မြှုပ်နှံထားလေ ပြီ မဟုတ်သလော။

ကျယ်ဝန်းလှသော မဟာမြိုင်ရဲတိုက်ဝင်းကြီးအတွင်း၌ လှည့်လည်ကြည့်ရှု ခြင်း ပြုရစဉ် လူသားများက ပျိုးထောင်မွမ်းမံထားသော ပန်းပင်တစ်ပင်တလေမျှ ကို မတွေ့မမြင်ခဲ့ရဘဲ သဘာဝ၏ လက်ရာခြေရာများသာ ဖြစ်ကြကုန်သော ဆူးပင်၊ နွယ်ပင်၊ ဘီးစပ်ပင်နှင့် ပိတ်ပေါင်းများကိုသာ တောထနေအောင် တွေ့ရှိရလေ သည်။ ယခင်ရဲတိုက်ရှင်များ ဘုန်းတောက်စိုးစံခဲ့ကြစဉ်က ၎င်းတို့၏ ပိုင်နက်အတွင်း သို့ အပြင်အပမှ ၎င်းတို့ အခွင့်မရပါဘဲ မည်သူတစ်ဦးတစ်ယောက်မှ ကျူးကျော် ဝင်ရောက်ခြင်း မပြုနိုင်စေရန်အတွက် ငေါင်းဆယ်သာသာခန့်မျှ ကျယ်ဝန်းသော ၎င်းတို့၏ နယ်မြေပတ်ပတ်လည်ကို ခိုင်ခံ့လှသော သံတိုင်များ၊ သံဆူးကြိုးများဖြင့် ပင် ဝင်းခတ်ထားခဲ့ကြလေသည်။ ထိုသံတိုင်များကို အပြင်အပမှ လွယ်လင့်တကူ ကျော်လွှား၍ ဝင်ရောက်ခြင်း မပြုနိုင်ရန်အတွက်လည်း မြည့်၍နေအောင် ချွန်၍ ထားခဲ့ကြသည်။ သို့ရာတွင် ယခုအခါ၌ ထိုခိုင်ခံ့လှပါသည်ဆိုသော သံတိုင်များ သည်လည်း ကျိုးပဲ့ပျက်စီးကာ ထိုသို့ပျက်စီးနေသော နေရာများမှ ရဲတိုက်အတွင်းသို့ တောသည် ဝင်လျက်ရှိနေပါပကော။

ရေကန်ပျက်ကြီးနှင့် များစွာမဝေးလှသော တောင်ကုန်းကလေးတစ်ခု တွင် လူနေအဆောက်အဦ မဟုတ်နိုင်သော အဆောက်အဦပျက်တစ်ခုကို တွေ့ရ သည်။ ထိုအဆောက်အဦ၏အကြောင်းကို မေးမြန်းစုံစမ်းကြည့်သောအခါ ကျွန်တော် တွေးထင်လျက်ရှိသည့်အတိုင်း လူနေအဆောက်အဦ မဟုတ်ဘဲ မြင်းဇောင်းကြီး တစ်ခုဖြစ်ကြောင်း ယခင်ရဲတိုက်စောင့် အဘိုးကြီးက ရှင်းလင်းပြောပြလေသည်။ ရဲတိုက်ရှင်များ ကောင်းစားခဲ့ကြစဉ်က ထိုမြင်းဇောင်းတွင် ၎င်းတို့ စီးနင်းအသုံးပြု ကြသော မြင်းကောင်ရေ နှစ်ဆယ်မျှ ထားရှိသည့်အကြောင်း၊ ထိုသို့ထားရှိသော

mgyoe.com

mgyoe.com SAMPLE BOOK

မြင်းများမှာ မြန်မာမြင်းကလေးများ မဟုတ်ကြဘဲ ဩစတြေးလျနိုင်ငံမှ တန်ဖိုးများစွာ ပေးဝယ်ရသော ဂရစ်ဗင်အမျိုးအစား မြင်းကြီးများဖြစ်သည့်အကြောင်း၊ ထိုသို့ ဂရစ်ဗင် အမျိုးအစား မြင်းကောင်ရေ နှစ်ဆယ်မျှ ရှိသည့်အနက် ရဲတိုက်ရှင်များ စီးနင်းကြသော ရထားလုံးကို ဆွဲရန်အတွက် သီးသန့်ထားရှိသော မြင်းဖြူကြီးခြောက်ကောင်လည်း ရှိသေးသည့် အကြောင်းများကို စိတ်ရှည်လက်ရှည် ပြောပြလေသည်။ ထိုမြင်းကောင်ရေ နှစ်ဆယ်အား ထိန်းသိမ်းစောင့်ကြပ်ရသော ဆိုက်ကုလားငါးယောက်မျှကိုလည်း ထားရှိသည့်အကြောင်း ဆက်လက်ပြောပြရာမှ မဟာမြိုင်ရဲတိုက်ကြီးတွင် တစ်ရံရောအခါက အခိုင်းအစေနှင့် အခြွေအရံများ ငါးဆယ်သာသာခန့်မျှပင် ရှိခဲ့ဖူးသည့် အကြောင်းကိုပါ ပြောဆိုသွားလေသည်။ ထိုသို့ အခိုင်းအစေနှင့် အခြွေအရံငါးဆယ်သာသာခန့်မျှ ရှိသည့်အထဲတွင် ရဲတိုက်ဝင်းကြီးကို နေ့ရောညပါ အလှည့်နှင့် စောင့်ကြပ်ရသော လက်နက်ကိုင် အစောင့်အကြပ်များ ဆယ့်ငါးယောက်မျှ ပါရှိသေးသည့်အကြောင်းကိုလည်း ပြောပြလေသည်။ ရဲတိုက်ရှင်များသည် ၄င်းတို့၏အသက်နှင့် စည်းစိမ်ကို စောင့်ရှောက်ကာကွယ်ခြင်းပြုရာ၌ ၄င်းတို့၏ ရဲတိုက်ဝင်းကြီးကို သံတိုင်များ၊ သံဆူးကြိုးများဖြင့် ကာရံထားရသည်နှင့် စိတ်မချနိုင်သေးသကဲ့သို့၊ လက်နက်ကိုင် အစောင့်အကြပ်များကိုလည်း ထားရှိခဲ့ကြလေသည်။ ထိုအချက်အလက်များကို ထောက်ရှုခြင်းအားဖြင့် ထိုဘုန်းရှင်ကံရှင်များသည် အပြင်အပမှ လူများကို အလွန်အမင်း ကြောက်ရွံ့စိုးရိမ်နေကြဟန်လည်း ရှိလေသည်။

ရဲတိုက်ဝင်းကြီးအတွင်းမှ အပြင်သို့ ပြန်၍ ထွက်လာကြသောအခါ နေသည် ဝင်လျက် တော်တော်ကြီးပင် မှောင်စပြုနေလေပြီ။ ပျက်စီးနေသော ဝင်းတံခါးမှ ထွက်လာကြစဉ် ရဲတိုက်ဝင်းအတွင်းမှ ဒေါင်းအော်သံကို ကြားရလေသည်။ နေဝင်သောအချိန်တွင် ဥဒေါင်းငှက်သည် အိပ်တန်းသို့ ပျံသန်းရင်း အော်မြည်လိုက်ခြင်း ဖြစ်တန်ရာသည်။ တစ်နေ့တော့ ကုန်ပြန်လေပြီဟု ညည်းတွားခြင်းလည်း ဖြစ်ကောင်းဖြစ်လိမ့်မည် ထင်သည်။ ဒေါင်းအော်သံကို နားစွင့်လျက်ရှိစဉ် ထိုရဲတိုက်စောင့် အဘိုးကြီးက ၄င်း၏ အရှင်သခင်များ ကောင်းစားခဲ့ကြစဉ်က ရဲတိုက်ကြီးအတွင်း၌ ဒေါင်းများ မွေးမြူခြင်းပြုခဲ့ကြသည့်အကြောင်းကို ရှင်းလင်းပြောပြခြင်းပြုလေသည်။ ထိုသို့ အဘိုးကြီးအိုက မဟာမြိုင် ဥဒေါင်းငှက်များအကြောင်းကို ပြောကြားလျက်ရှိစဉ် ဒေါင်းအော်သံသည် ရပ်စဲ၍ သွားလေသည်။

ရဲတိုက်ဝင်းတံခါးဝ၌ အလွန်တရာ ကြီးမားလှသော သစ်ပင်အိုကြီးနှစ်ပင်

mgyoe.com

mgyoe.com SAMPLE BOOK
ကို တွေ့ရလေသည်။ သို့ရာတွင် ထိုသစ်ပင်အိုကြီးများသည် အသက်မရှိကြတော့ချေ။ ခုတ်သတ်ထားသဖြင့် ညှိုးခြောက်၍လည်း နေလေပြီ။ ထိုသစ်ပင်အိုကြီးနှစ်ပင်၏အကြောင်းကို မေးမြန်းစုံစမ်းသောအခါ အင်ကြင်းပင်ကြီးများ ဖြစ်ကြသည့်အကြောင်းကို ရဲတိုက်စောင့် အဘိုးကြီးက ရှင်းလင်းပြောပြလေသည်။

တစ်ညသ၌ မဟာမြိုင်ရဲတိုက်ကြီးတွင် ပန်းများ ပွင့်ကြသည်ဆိုသော်လည်း ပန်းပင်ဆို၍ ရေကန်ပျက်ထဲသို့ လဲကျနေသော ပိတောက်ပင်အိုကြီးတစ်ပင်နှင့် ရဲတိုက်ဝင်းအဝတွင် နောက်ထပ်တစ်ဖန် ဖူးပွင့်ခြင်းမပြုနိုင်တော့သော အင်ကြင်းပင်ခြောက်ကြီး နှစ်ပင်တို့ကိုသာလျှင် တွေ့ရ မြင်ရတော့သဖြင့် မကျေမနပ်ဖြစ်နေမိသော ကျွန်တော်က "တစ်ညက မဟာမြိုင်ရဲတိုက်ကြီးမှာ ပန်းတွေ ပွင့်ကြတယ်ဆိုပေမဲ့ ကျွန်တော်တို့ လျှောက်ကြည့်တော့ တစ်ပင်တလေမှတောင် မတွေ့ခဲ့ကြရပါကလားဗျ ဘကြီး"ဟု မေးမြန်းပြောဆိုခြင်း ပြုလိုက်မိသည်။ သို့ရာတွင် ထိုရဲတိုက်ကြီး၌ တစ်ကြိမ်သောအခါက နှစ်ပေါင်းနှစ်ဆယ်အစိတ်ခန့်မျှ အမှုတော်ကို ထမ်းဆောင်ခဲ့ရပါသည်ဆိုသော ထိုရဲတိုက်စောင့် အဘိုးကြီးသည် ပြန်လည်ပြောဆိုခြင်းနှင့် ရှင်းလင်းပြောကြားခြင်း မပြုချေ။ တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးတောနေရာမှ သက်ပြင်းကိုသာ ခပ်လေးလေး ချလိုက်သည်။

ရဲတိုက်ဝင်းကြီးနှင့် မလှမ်းမကမ်းသို့ ရောက်ရှိ၍ လာကြသောအခါ ကျွန်တော်သည် အမှတ်မထင် ရဲတိုက်ဝင်းကြီးကို ပြန်လှည့်၍ ကြည့်လိုက်မိသည်။ အမှောင်ဓာတ်တို့၏ လွှမ်းမိုးဖိစီးမှုအောက်တွင် မဟာမြိုင်ရဲတိုက်ဝင်းကြီးသည် တစပြင်နှင့်မခြား တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။ ရဲတိုက်စောင့် အဘိုးကြီးအို ချီးမွမ်းခန်းဖွင့်ခဲ့သော ရဲတိုက်ကြီးမှ ဘုန်းသမ္ဘာရှင်တို့သည် အဘယ်သို့ရောက်ရှိသွားကြပြီနည်း။ သို့မဟုတ် အဘယ်သို့ ကြောက်လန့်တကြား ထွက်ပြေးနေကြသနည်း။ ဂရစ်ဖင် မြင်းဖြူကြီးခြောက်ကောင် ကသော ရထားလုံးကို စီးနင်းကာ မိုးကောင်းကင်နှင့် မြေကြီးတို့ တွေ့ထိရာအရပ်သို့ ထွက်ပြေးသွားကြပြီလော။ ၎င်းတို့၏ အခိုင်းအစေနှင့် အခြွေအရံ အသင်းအပင်းများတို့သည်ကော အဘယ်သို့ လွင့်စဉ်ရောက်ရှိ၍ သွားကြပြီနည်း။ ရဲတိုက်ကြီးကို ကာကွယ်စောင့်ကြပ်ကြသော လက်နက်ကိုင်တပ်မင်းနှင့်တကွ တပ်သားများသည်ကော အဘယ်မှာနည်း။ ယခုအခါတွင် မဟာမြိုင်ရဲတိုက်ကြီးသည် အမှောင်ဓာတ်တို့၏ လွှမ်းမိုးဖိစီးမှုအောက်တွင်သာ တစပြင်ကြီးတစ်ခုနှင့်မခြား ဆိတ်သုဉ်းငြိမ်သက်လျက် ရှိလေပြီ။

ကျွန်တော်သည် အဖြေမပေးသော ရဲတိုက်စောင့် အဘိုးကြီးအို၏မျက်နှာ
mgyoe.com

mgyoe.com SAMPLE BOOK
ကို တစ်ချက်မျှ လှမ်း၍ ကြည့်လိုက်သည်။ ထိုအဘိုးကြီးအို၏ လေးလံဖင့်နွဲ့နေခြင်းကိုလည်း သည်းညည်းမခံနိုင်လောက်အောင် ဖြစ်လာမိသည်။ ထို့ကြောင့် "အဲဒီညက ရဲတိုက်ကြီးအတွင်းမှာ ပွင့်ကြတယ်ဆိုတဲ့ ပန်းတွေတော့ ရှိနေကြလိမ့်ဦးမယ်လို့ ကျွန်တော်က ထင်နေတာ ဘကြီးရဲ့"ဟု ဆက်လက်ပြောဆိုခြင်း ပြုလိုက်မိသည်။

ဘကြီးမှုန်၏ မျက်နှာသည် မှုန်သည်ထက် မှုန်၍ သွားလေသည်။ ထိုကဲ့သို့ အတန်ကြာမျှ မှုန်နေပြီးမှ "အနိစ္စဆိုတာ ဘာမှတည်မြဲခြင်းမရှိတာကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူခဲ့တာပါကလား"ဟု ၄င်းဘာသာ တစ်ယောက်တည်း သံဝေဂယူနေဘိသကဲ့သို့ ရဲတိုက်စောင့်အဘိုးကြီးသည် ညည်းတွားပြောဆိုခြင်း ပြုလိုက်ပေသည်တကား။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# မြင်းခြောက်စီးနှင့် ရထားလုံး

ဉသြဥ့က်တွန်မြည်၍ ရွက်ဟောင်းများ ကြွေလွင့်ကြသော တပေါင်းလ၏ ရာသီ၌ မြင်းဖြူကြီးခြောက်ကောင်မှ တပ်ဆင်ထားသော ရထားလုံးကြီးတစ်စီးသည် မဟာမြိုင်ရဲတိုက်ကြီး၏ ဝင်းတံခါးဝသို့ ရောက်ရှိ၍လာလေသည်။ သံဝင်းတံခါးကြီး အနီးတွင် လက်နက်ကိုင်ဆောင်ကာ ရဲတိုက်ကြီး၏ လုံခြုံမှုကို စောင့်ကြပ်ထိန်းသိမ်း ခြင်း ပြုရဟန်ရှိသော ကင်းတပ်မှ အကြီးအကဲနှင့်တူသူသည် ၎င်း၏ ကင်းတဲကလေး အတွင်းမှ ကတိုက်ကရိုက် ပြေးထွက်လာပြီးနောက် လေးလံခိုင်ခံ့လှသော သံတံခါး ကြီးကို ဖွင့်ပေးခြင်းပြုလေသည်။

ရထားလုံး၏ ဘေးပြတင်းတံခါးပေါက်မှ လှပချောမောခြင်း ရှိလှသော အသက်နှစ်ဆယ်သာသာခန့် မိန်းမပျိုကလေးတစ်ဦး၏ ဦးခေါင်းသည် ထွက်ပြူ၍ လာကာ ၎င်း၏ရထားလုံးအတွက် ရဲတိုက်ဝင်းတံခါးကြီးကို တရိုတသေ ဖွင့်ပေးနေ သော ကင်းတပ်မှူးအား အသိအမှတ်ပြုသည့်အနေနှင့် ပြုံးသည်ဆိုရုံမျှ ပြုံးပြခြင်း ပြုလိုက်သည်။ ကင်းတပ်မှူးသည် အလှဘုရင်မကလေး၏ အသိအမှတ်ပြုခြင်းကို ရိုရိုသေသေ ခံယူပြီးနောက် ရထားလုံး ရဲတိုက်အတွင်းသို့ ဝင်သွားပြီးသည်နှင့် တစ် ပြိုင်နက် ဝင်းတံခါးကို လျင်မြန်စွာ ပြန်၍ပိတ်ထားလိုက်သည်။

ရဲတိုက်၏ ဝင်းတံခါးဝမှ ဒေါနပန်းကလေးများ တစ်ဖက်တစ်ချက်စီတွင် စီတန်း၍ လှလှပပ စိုက်ပျိုးထားသော မြေနီလမ်းကလေးအတိုင်း ခပ်လေးလေး

mgyoe.com

mgyoe.com SAMPLE BOOK

ခပ်မှန်မှန် မောင်းလာခဲ့ပြီးနောက် မြင်းဖြူခြောက်ကောင် ကထားသော ရထားလုံး သည် ရဲတိုက်ကြီး၏ တစ်ခုသော ဆင်ဝင်အောက်၌ ရပ်သွားလေသည်။ ရထားလုံး နှင့် ပါလာသော ခရီးသည်ကို ကြိုဆိုရန် ဆင်ဝင်အောက်မှ စောင့်မျှော်နေကြသော အသက်ငါးဆယ်နီးပါးခန့် အဘိုးကြီး အဘွားကြီး လင်မယားနှစ်ယောက်တို့သည် ရထားဆိုက်နားလျှင် ဆိုက်နားချင်း ရထားလုံး၏တံခါး ပြတင်းတံခါးဝသို့ အူယား ဖားယား ပြေးလွှားကြိုဆိုကြလေသည်။

နွေကျောင်းရက်ရှည် ပိတ်လိုက်သဖြင့် မဟာမြို့သို့ ပြန်လာသော သမီး ပျိုကလေးကို ရဲတိုက်ရှင် အဘိုးကြီး အဘွားကြီး လင်မယားနှစ်ဦးတို့က သူ့ထက်ငါ အပြိုင်အဆိုင် အရေးပေးလျက်ရှိနေကြစဉ် ရဲတိုက်ကြီးတွင် တောက်တိုမယ်ရ ခိုင်း စေရန်အတွက် ငှားရမ်းထားဟန်တူသော မိန်းကလေးသုံးယောက်တို့သည် ရထား လုံးထက်တွင် ပါလာသော သခင်မကလေး၏ ပစ္စည်းများနှင့် ဝန်စည်စလည်များ ကို ရဲတိုက်ကြီးအပေါ်သို့ သယ်ဆောင်လျက်ရှိကြလေသည်။

ယင်းသို့ မဟာမြို့သခင်မကလေး နွေရာသီကို ကုန်လွန်ခြင်းပြုရန်အတွက် ရဲတိုက်ကြီးသို့ ပြန်လာသဖြင့် ရဲတိုက်ကြီးတွင် ငှားရမ်းခိုင်းစေထားသော အစေခံ များသည် ပျားပန်းခတ်မျှ အလုပ်များလျက်ရှိကြစဉ် ခရီးပန်းလာဟန်တူသော ၎င်း တို့၏ သမီးပျိုကလေးအား ရဲတိုက်ရှင် အဘိုးကြီး အဘွားကြီးနှစ်ဦးတို့က ရဲတိုက် ဘေးရှိ ကြီးမားလှသော စံပယ်ရုံကြီးအောက်တွင် သူ့ထက်ငါ အပြိုင်အဆိုင် ယုယ လျက်ရှိနေကြသည်။ အဆင်သင့် ပြုလုပ်ထားသော လိမ္မော်ဖျော်ရည်နှင့် သစ်သီး ကိတ်မုန့်တို့ကို ကျွေးမွေးနေကြသည်။ ထိုနေ့ညတွင် ဥယျာဉ်ပွဲနှင့် ညစာစားပွဲတို့ကို ပြုလုပ်ဖို့ စီစဉ်ထားသည့်အကြောင်းကိုလည်း အဘိုးကြီးက ဝမ်းသာအားရ ပြောပြ လေသည်။ ဥယျာဉ်ပွဲသို့ ဥတ္တရတိုင်းမှ စော်ဘွားကြီး မိသားစု၊ နယ်ခြားအရေးပိုင် မင်းနှင့် ရာဇဝတ်ဝန်ကြီးများ၊ ဘုရင်ခံမင်းကြီး၏ အတိုင်ပင်ခံဥပဒေပြုလွှတ်တော် မှ အမတ်မင်းသုံးဦး၊ အိန္ဒိယကုန်သည်ကြီး မစ္စတာဒါဝတ်၊ တရုတ်သူဌေးကြီး မစ္စတာ အော်ဘွန်ဟိုး၏ မိသားစု၊ ဆန်စပါးပွဲစား ဆာဖိုးမြနှင့် မြဂနိုင် သစ်တောသူဌေး ဦးမောင်ကြီးမိသားစု စသည်တို့ လာရောက်ကြမည့် အကြောင်းအရာများကို အဘွား ကြီးက ဖွဲ့.ဖွဲ့.နွဲ့.နွဲ့. ပြောဆိုလျက်ရှိလေသည်။ ၎င်းမဟာမြို့သို့ ပြန်လည်ရောက်ရှိ လာသည့် အထိမ်းအမှတ်အနေနှင့် ၎င်း၏မိဘနှစ်ပါးတို့က ဤကဲ့သို့ အထက်တန်း ကျကျ အပေါင်းအသင်းနှင့် မိတ်ဆွေများကို ရဲတိုက်ကြီးသို့ ဖိတ်ကြားကာ စားပွဲ သောက်ပွဲများ ကျင်းပပြုလုပ်ကြမည်ဆိုသည့်အတွက် မိန်းမပျိုသည် များစွာသဘော

mgyoe.com

mgyoe.com SAMPLE BOOK
ကျ ကျေနပ်နေဟန်ရှိသည်။ ဂုဏ်တက်နေပုံလည်း ရသည်။

ဤကဲ့သို့ စံပယ်ရုံကြီးအောက်တွင် ရဲတိုက်ရှင် သားအမိသားအဖ သုံးဦးတို့သည် လိမ္မော်ရည်ကို သစ်သီးကိတ်မုန့်နှင့် တစိမ့်စိမ့် သောက်စားနေကြစဉ် ထိုနေ့ညဉ့် မဟာမြိုင်တွင် ကျင်းပမည်ဖြစ်သော ဉယျာဉ်ပွဲတော်နှင့် ညစာစားပွဲများအတွက် ရဲတိုက်ကြီး၏ ကျေးကျွန်များသည် လက်မလည်နိုင်လောက်အောင် အလုပ်ရှုပ်လျက် ရှိနေကြသည်။ ဉယျာဉ်ပွဲ ကျင်းပမည့် ရဲတိုက်ကြီး၏ အရှေ့မျက်နှာစာ မြက်ခင်းပြင်တွင် လျှပ်စစ်မီးကြိုးနှင့် မီးလုံးများကို သွယ်တန်းတပ်ဆင်သူများက တပ်ဆင်လျက် မြေပန်းအိုး၊ ကြွေပန်းအိုးနှင့် ကြေးဝါပန်းအိုး စသည်တို့ကို ရွှေ့ပြောင်းပြင်ဆင်သူများက ရွှေ့ပြောင်းပြင်ဆင်နေကြလေသည်။ ထို့အတူ လူပေါင်းအစိတ်နီးပါးခန့်မျှအတွက် တခမ်းတနား ကျွေးမွေးခြင်းပြုရမည်ဖြစ်သော ညစာစားပွဲအတွက်ကိုလည်း ထမင်းချက်နှင့် စားပွဲထိုးများသည် မီးဖိုချောင်နှင့် ထမင်းစားခန်းမကြီးဘက်တွင် ဥဒဟိုပြေးလွှား လုပ်ကိုင်လျက်ရှိနေကြသည်။

အချိန်မှာ နေ့ခင်း နာရီပြန် နှစ်ချက်တီးခန့်မျှသာ ရှိသေးသော်လည်း ဧည့်သည်များသည် ညနေ ၆ နာရီလောက်မှစ၍ ရောက်ရှိလာကြမည်ဖြစ်သောကြောင့် ၎င်းတို့ရောက်ရှိ၍ လာကြလျှင် လာကြချင်း ဉယျာဉ်တော်စားပွဲကို စတင်နိုင်စေရန်အတွက် မာလီကုလားနှစ်ယောက်နှင့် ဆိုက်ကုလားသုံးယောက်တို့သည် ရဲတိုက်ကြီး၏ မျက်နှာစာတွင် သုံးကေသာသာခန့်မျှ ကျယ်ဝန်းလိမ့်မည်ဖြစ်သော မြက်ခင်းပြင်တွင် ဂမုန်းပန်းအိုးကြီးများ၊ ရွက်လှပန်းအိုးကြီးများနှင့် နှင်းဆီပန်းအိုးကြီးများကို နေပူကြီးကျဲကျဲတွင် ချွေးရဲရဲသံရဲရဲနှင့် တည်ခင်းပြင်ဆင်နေကြသည်။ အပြင်အပမှ ဌားရမ်းခေါ်ယူခြင်းပြုရဟန်တူသော လျှပ်စစ်မီးသမားနှစ်ယောက်တို့ကလည်း လျှပ်စစ်မီးရောင်စုံများကို မျက်စိပသာဒ ကောင်းမွန်စေရန်အတွက် တပ်ဆင်စမ်းသပ်နေကြသည်။

ဤကဲ့သို့ ဉယျာဉ်တော်ပွဲအတွက် အခမ်းအနား အဆောင်အယောင်တို့ကို လုပ်ကိုင် ပြင်ဆင်နေသူများက လုပ်ကိုင်ပြင်ဆင်နေကြစဉ် ထိုဉယျာဉ်ပွဲတော်၌ တည်ခင်းတိုက်ကျွေးရန်အတွက် ရဲတိုက်အောက်ထပ်ရှိ စတိုးခန်းကြီးအတွင်း၌ စားပွဲထိုးနှစ်ယောက်တို့သည် နိုင်ငံခြားမှ အရက်ပြင်း၊ အရက်ပေါ့၊ အရက်ချို၊ ဂျင်နှင့် ဘီယာ စသော အဖျော်ယမကာများကို အဆင်သင့် ပြင်ဆက်လျက် ရှိကြလေသည်။ ဧည့်ကောင်း စောင်ကောင်းများကို ခံ့ခံ့ညားညား တည်ခင်းဝတ်ပြုနိုင်ရန်အတွက် ငွေလင်ပန်းကြီးငယ်များနှင့် ဖန်ခွက်ကြီးငယ် အစားစားကိုလည်း ဆေး
mgyoe.com

mgyoe.com SAMPLE BOOK
ကြောသုတ်သင်နေကြသည်။

ရဲတိုက်ကြီး၏ မီးဖိုချောင်ဘက်တွင် ချွေးတလုံးလုံးနှင့် ချက်ပြုတ်လုပ်ကိုင်နေကြသော ထမင်းချက်များသည်လည်း စနိုက်နှင့် တောကြက်တို့ကို အမွေးနှုတ်သူကနှုတ်၊ ကြက်ဆင်နှင့် ဒေါင်းသားတို့ကို အကောင်လိုက် ကြော်သူကကြော်ဖြင့်ယား၍ မကုပ်နိုင်အားအောင်ပင် ဖြစ်နေကြသည်။

အေးမြသော စံပယ်ရုံကြီးအောက်တွင် လိမ္မော်ဖျော်ရည်နှင့် သစ်သီးကိတ်မုန့်တို့ကို စားသောက်၍ ပြီးစီးကြသောအခါ ရဲတိုက်ရှင်မိသားစုတို့သည် ရဲတိုက်ကြီးပေါ်သို့ တက်လာကြသည်။ ထိုသို့ ရဲတိုက်အပေါ်ထပ်သို့ တက်လာကြပြီး သမီးပျို အိပ်စက်နေထိုင်သော အခန်းတံခါးဝသို့ ရောက်ရှိသောအခါ ရဲတိုက်ရှင် အဘိုးကြီးသည် ၎င်း၏ ဇနီး၊ သမီးတို့နှင့်အတူ ဝင်လိုက်မသွားတော့ဘဲ ၎င်း၏စာကြည့်တိုက်ထားရှိသော အခန်းဘက်သို့ ထွက်သွားလေသည်။

ယင်းသို့ သားအမိနှစ်ဦးတည်း ကျန်ရစ်ခဲ့ကြပြီးနောက် ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် သမီးပျိုက လမ်းခရီးတွင် ဝတ်စားလာသော အဝတ်အစားများကိုလဲလှယ်နေစဉ် အခိုင်းအစေနှင့်တူသော အသက်ဆယ့်ခြောက်နှစ်သာသာခန့် မိန်းကလေးတစ်ဦးသည် အခန်းအတွင်းသို့ ခပ်ရိုရိုကလေး ဝင်လာပြီးလျှင် ငွေလင်ပန်းနှင့် ထည့်လာသော သန့်စင်ပန်းများကို သခင်မကလေးအား ပေးဆက်လေသည်။

"ဟင် သန့်စင်ပန်းတွေပါလား"

မိန်းမပျိုက သန့်စင်ပန်းများကို လှမ်းယူကာ မွှေးကြူရင်း အားရဝမ်းသာပြောဆိုလိုက်သည်။

"ပိတောက်မြိုင်က ခုနကပဲ လူလွှတ်ပြီး ပို့ခိုင်းလိုက်တယ် မမခင်"

အစေခံ မိန်းမပျိုကလေးက ရိုရိုသေသေ ပြောဆိုပြီးနောက် အခန်းအတွင်းမှ ပြန်ထွက်သွားမည်အပြုတွင် "ဘယ်သူက အပို့ခိုင်းလိုက်တယ်လို့ ပြောသွားသေးသလဲ ဟင် မြရွှေ"ဟု မမခင် အမည်ရှိ ရဲတိုက်ရှင် သခင်မကလေးက ပြန်၍ မေးမြန်းနေလိုက်ပြန်သေးသဖြင့် "ကိုကိုနိုင်က မမခင် ကနေ့ည ဥယျာဉ်တော်ပွဲမှာပန်ဖို့အတွက် ပို့ခိုင်းလိုက်တယ်လို့ ပိတောက်မြိုင်က လာပေးသွားတဲ့ လူက ပြောသွားပါတယ်"ဟု မြရွှေ အမည်ရှိ အစေခံမကလေးက ပြန်ပြောနေရသေးသည်။

"ကိုကိုနိုင်တို့ မောင်နှမနှစ်ယောက်ကိုလည်း ဖိတ်ထားသေးတယ် မဟုတ်လား မေမေ"

မမခင်သည် ၎င်းဆင်မြန်း ပန်ဆင်ရန်အတွက် တကူးတကန့် ပေးပို့လိုက်

mgyoe.com SAMPLE BOOK
သော သန့်စင်ပန်းကို အကြောင်းပြု၍ ကိုကိုနိုင်တို့ မောင်နှမနှစ်ယောက်တို့အား ညစာစားပွဲသို့ ဖိတ်ကြားခြင်း ပြု မပြုဆိုသည်ကို သိရှိလို၍ ၎င်း၏ မိခင်ကြီးအား မေးမြန်းလိုက်သည်။

"မဖိတ်ဘဲ နေပါ့မလား ခင်ခင်ရယ်. . . မောင်မောင်နိုင်တို့ စောစော တို့ မောင်နှမဆိုတာက တခြားလူတွေမှမဟုတ်ဘဲ. . . မေမေတို့ ဖေဖေတို့နဲ့ အင်မ တန် ခင်မင်ရင်းနှီးခဲ့ကြတဲ့ မိတ်ကောင်းဆွေကောင်းတွေပဲလေ"

"ဒါထက် မမစောတစ်ယောက်ကော နေထိုင်ကောင်းရဲ့လား မေမေ. . . မနှစ်က ခင် ကျောင်းကိုမပြန်ခင် တစ်ခါတွေ့တုန်းကတော့ တော်တော်ကလေး ပိန်နေတာကို တွေ့ခဲ့ရလို့"

"ပန်းနာသည်ဆိုတာကတော့ ဒီလိုပဲ ဖြစ်တတ်တယ်။ ဒီနှစ် မြောင်းမြ ဘက်က သူတို့လက်ထောက်ခတွေ သိမ်းပြီးရင် ဂျာမနီကို သွားပြီး ဆေးကုမလို့ လည်း ပြောသံဆိုသံ ကြားမိသေးတယ်"

"ကိုကိုနိုင်တစ်ယောက်ကကော ဒီနှစ် နွေရာသီမှာ ခါတိုင်းနှစ်တွေလို ပြင်သစ်ပြည်ကို အလည်အပတ်မသွားတော့ဘူးတဲ့လား"

"သူ့အစ်မကို ဂျာမနီပို့ပေးရင်း သွားလိမ့်မယ် ထင်ပါတယ်ကွယ်"

ထိုသို့ ပိတောက်မြိုင်မှ ဥစ္စာပစ္စည်း ချမ်းသာကြွယ်ဝသော မမစောနှင့် ကိုကိုနိုင်တို့ မောင်နှမနှစ်ယောက်တို့၏အကြောင်းကို ပြောဆိုလျက်ရှိနေကြသည့် အခိုက် ၎င်းအား နောက်ထပ်၍ တစ်စုံတစ်ရာကိုများ ခိုင်းစေပြောကြားလေဦးမည် လားဟု စောင့်ဆိုင်းရပ်တန့်နေသော မြရွှေသည် ၎င်းအား ဘာမျှ ခိုင်းစေပြောကြား ရန် မရှိတော့ဟု အောက်မေ့ကာ အခန်းအတွင်းမှ ပြန်၍ ထွက်သွားတော့မည်အပြု တွင် "မြရွှေ နင် မြင်းဇောင်းဘက်ကို သွားပြီး ဆိုက်ကုလားအလီကို ငါက အခေါ် ခိုင်းလိုက်တဲ့အကြောင်း ပြောလိုက်စမ်း"ဟု ခင်ခင်က အမိန့်ပေး ခိုင်းစေလိုက် သဖြင့် "ဟုတ်ကဲ့ မမခင်"ဟု ပြန်ပြောကာ မြရွှေသည် ရဲတိုက်အောက်ထပ်သို့ ဆင်း သွားလေသည်။

အဝတ်အစားများ လဲလှယ်ပြီးနောက် မိခင်လုပ်သူသည်လည်း အခန်း တွင်းမှ ထွက်သွားသဖြင့် ခရီးပန်းလာခဲ့သော ခင်ခင်သည် အဆင်သင့် ခင်းကျင်း ပြင်ဆင်ထားသော ၎င်း၏ခုတင်ထက်တွင် ခေတ္တလှဲနေလိုက်သည်။ ထို့နောက် ဥယျာဉ်တော်ပွဲနှင့် ညစာစားပွဲများအကြောင်းသို့ စိတ်ရောက်သွားလေသည်။ ဥယျာဉ် တော်ပွဲနှင့် ညစာစားပွဲတွင် မိမိ ဝတ်စားဆင်မြန်းခြင်းပြုရမည့် အဝတ်အစားများ
mgyoe.com

mgyoe.com SAMPLE BOOK

နှင့် ကျောက်မျက်ရတနာများအကြောင်းကို စဉ်းစားစိတ်ကူးနေလေသည်။ ထိုသို့ စိတ်ကူးနေခိုက် မြရွှေသည် အခန်းအတွင်းသို့ မရဲတရဲနှင့် ဝင်လာပြီးလျှင် ရဲတိုက်အောက်ထပ်သို့ ဆိုက်ကုလားအလီ ရောက်ရှိနေသည့်အကြောင်းကို ပြောကြားကာ ပြန်၍ ထွက်သွားသဖြင့် ခင်ခင်သည် အိပ်ရာထက်မှ ကတိုက်ကရိုက်ထကာ ရဲတိုက်အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ရဲတိုက်အောက်ထပ်တွင် မတ်တတ်ရပ်၍ စောင့်ဆိုင်းနေသော ဆိုက်ကုလားအလီသည် ၎င်း၏သခင်မကလေးကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဆလံပေးခြင်း ပြုလေသည်။

"မမခင် ကနေ့ညနေ လေးနာရီလောက်မှာ မြင်းစီးချင်တယ် အလီ"

သခင်မကလေးက ၎င်း၏ အလိုဆန္ဒကို ထုတ်ဖော်မိန့်ကြားခြင်း ပြုလိုက်သည်။

"ကောင်းပါပြီ မမ. . . အရင် မမစီးနေကျ အုန်းခွံရောင် မြင်းမကလေးကိုပဲ စီးမလားဟင်"

ဆိုက်ကုလားအလီက ရိုရိုသေသေ မေးမြန်းလေသည်။

"ရထားမောင်းသမားက ပြောတော့ မမခင်ရဲ့ မြင်းမကလေး ကောင်းကောင်း နေမကောင်းဘူးဆို ဟုတ်လား"

"ဟုတ်ကဲ့ မမ"

"ဒါဖြင့် မမခင် ဘယ်မြင်းစီးရမလဲ အလီ"

"မမခင် မစီးဘူးပေမယ့် တော်တော်ယဉ်တဲ့ မြင်းထီးတစ်ကောင်တော့ ရှိပါသေးတယ်. . . အဲဒီမြင်းကို ကျွန်တော် အဆင်သင့် ပြင်ထားလိုက်မယ်နော်"

"အေး အေး. . . မင်းလည်း မမခင်နဲ့ အဖော်လိုက်ခဲ့နော် ဟုတ်လား အလီ"

"ကောင်းပါပြီ မမ. . . စိတ်သာချပါ"

"ဒါဖြင့် မမခင် နာရီဝက်လောက် အနားယူလိုက်ဦးမယ်နော်. . . လေးနာရီထိုးလောက်မှ မြင်းကို ယူလာခဲ့ပေါ့"ဟု အမိန့်ပေးပြီးနောက် ခင်ခင်သည် ရဲတိုက်ပေါ်သို့ ပြန်တက်ခဲ့လေသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# လကွယ်ညဉ့် သာသောလ

လကွယ်ညပင် ဖြစ်စေကာမူလည်း ဥယျာဉ်ပွဲတော်ပွဲကို ကျင်းပ၍ ညစာကို တည်ခင်းကျွေးမွေးသော တစ်ညက မဟာမြိုင်ရဲတိုက်ကြီးအတွင်း၌ ရဲတိုက်ရှင်များ၏ ဘုန်းတန်ခိုးအာနုဘော်ကြောင့် လမင်းသည် တထိန်ထိန် တညီးညီး ထွန်းပသာယာလျက်ရှိလေသည်။ ထိုညက အာကာသတစ်ခွင်တွင် မိုးသားနှင့် မြူတိမ်များ ထူထပ်နေသော်ငြားလည်း ရဲတိုက်ဝင်းကြီးအတွင်း၌မူကား ကြယ်များသည် တဝင်းဝင်း တလက်လက် တောက်ပနေကြပေသည်။

တစ်ဦးတည်းသာရှိသော သမီးပျိုကလေး ခင်ခင် မဟာမြိုင်သို့ ပြန်လည်ရောက်ရှိလာသည့် အထိမ်းအမှတ်အနေနှင့် ရဲတိုက်ရှင်များသည် ငွေကို ရေလိုသုံးစွဲလျက်ရှိနေပေသည်။ ရဲတိုက်ကြီး၏ မျက်နှာစာ မြက်ခင်းပြင်တွင် ကျင်းပသော ဥယျာဉ်ပွဲတော်သို့ ကြွရောက်ချီးမြှင့်ကြသော မင်း၊ သူဌေး ပရိသတ် အစိတ်သာသာ ခန့်တို့ကို နှစ်နာရီနီးပါးခန့်မျှ လိုလေသေးမရှိရအောင် ဧည့်ခံခြင်း ပြုကြလေသည်။ အထက်တန်းစားနှင့် ဘုန်းသမ္ဘာရှင်များ၏ ပွဲတော်ပီပီ နိုင်ငံခြားမှ အဖိုးတန်လှသော အရက်ပြင်း၊ အရက်ပေါ့များ၊ ဝိုင်အမျိုးမျိုးနှင့် အရက်ချိုများ၊ ဂျင်အရက်နှင့် ဗျစ်များဖြင့် ဧည့်ခံခြင်း ပြုလေသည်။ ရဲတိုက်ရှင် ဦးရွှေနှောင်းသည် ကိုယ်တိုင်ကသာ ထိုကဲ့သို့ မူးယစ်စေတတ်သော အရက်သေစာများကို မသောက်စားတတ်သော်လည်း ၎င်း၏ မိတ်ကောင်းဆွေကောင်းများကိုမူကား ၎င်းတို့ ကြိုက်နှစ်သက်တတ်

mgyoe.com SAMPLE BOOK

သော ပစ္စည်းများဖြင့် ညှော်ခံတတ်လေ့ရှိသည်။ ရတနာသုံးပါးကို ကြည်ညိုလေးစားသော ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနှင့် သူသည် သံပုရာနှင့် လိမ္မော်အဖျော်ရည်တို့လောက်ကိုသာ သုံးစွဲခြင်းပြုသော်လည်း အရက်ပြင်း ဖန်ခွက်များနှင့် ခွက်ချင်းတိုက်ကာ သောက်စွမ်းနိုင်လေသည်။

ပုဆိုးအင်္ကျီနှင့် ခေါင်းပေါင်း ဆင်တူဝတ်စုံကို ဝတ်စားဆင်ယင်ထားကြသော စားပွဲထိုးသုံးလေးယောက်တို့သည် ငွေလင်ပန်းများတွင် အရက်ဖန်ခွက်အမျိုးမျိုးကို တင်ဆောင်ကာ မင်းပရိသတ်တို့အား လိုက်လံဆက်ကပ်လျက် ရှိကြလေသည်။ ထိုကဲ့သို့ စားပွဲထိုးများနည်းတူ ထဘီအင်္ကျီဆင်တူကို ဝတ်စားဆင်မြန်းထားကြသော မိန်းကလေးသုံးယောက်တို့ကလည်း ယွန်းလင်ပန်းလယ်တွင် မြေပဲကြော်၊ အာလူးကြော်နှင့် ချိ(စ်)များကိုထည့်ကာ အရက်များနှင့် စိတ်ကြိုက်မြည်းရန် မြက်ခင်းပြင်ရှိ ညှော့်ပရိသတ်တို့အား လှည့်လည်ညှော့်ခံခြင်း ပြုကြလေသည်။

ယင်းသို့ ဥယျာဉ်တော်ပွဲ ကျင်းပနေသော မြက်ခင်းပြင်နှင့် မလှမ်းမကမ်းတစ်နေရာတွင် ညှော့်ပရိသတ်တို့ နားသောတ ဆင်မြန်းလိုက ဆင်မြန်းနိုင်စေရန်အတွက် တီးဝိုင်းတစ်ခုက မတိုးမကျယ် တီးမှုတ်ဖျော်ဖြေနေကြပေသည်။ ထိုတီးဝိုင်းတွင် ဝါးပတ္တလား၊ ပြွေ၊ တယောနှင့် စောင်းကောက်ကြီးများကလွဲ၍ အခြားမည်သည့်တူရိယာနှင့် ပစ္စည်းမျှတော့ မပါချေ။ အဆိုတော် အမျိုးသမီးက 'တေဇဂုဏ်'ဘွဲ့ သီချင်းကို ငြိမ့်ငြိမ့်ညောင်းညောင်း သီဆိုလျက် ရှိလေသည်။

ဥယျာဉ်တော်ပွဲသို့ကြွရောက် ချီးမြှင့်ကြသော ပရိသတ်တို့သည် မင်း၊ သူဌေးပရိသတ်များ ဖြစ်ကြသည့်အလျောက် ၎င်းတို့အချင်းချင်း အစုအဝေးကလေးများအလိုက် အဖိုးတန် အရက်များကို တစိမ့်စိမ့်သောက်ရင်း တိုင်းပြည်၏ အုပ်ချုပ်ရေးနှင့် ကုန်ကူးသန်းရောင်းဝယ်ရေး ကိစ္စများကို ပြောဆိုလျက် ရှိကြလေသည်။

ဦးရွှေနှောင်းသည် ဥတ္တရတိုင်း စော်ဘွားကြီး စဝ်အုံကြည်နှင့် နယ်ခြားအရေးပိုင်မင်းတို့၏ ဝိုင်းတွင် ရှမ်းပြည်မြောက်ပိုင်းဘက်၌ အဖြိုက်သတ္တုများ တူးဖော်ဖို့ကိစ္စနှင့် ပတ်သက်၍ စကားကောင်းနေရာမှ ၎င်း၏ သံပုရာဖျော်ရည်ဖန်ခွက်ကို ကိုင်ကာ မြိတ်ဘက် ထားဝယ်ဘက်တွင် ရော်ဘာခြံနှင့် သတ္တုတွင်းများ အကြီးအကျယ် လုပ်ကိုင်နေသော တရုတ်သူဌေးကြီး မစ္စတာအော်ဘွန်ဟိုးတို့၏ ဝိုင်းဘက်သို့ ကူးလာခဲ့သည်။ ထိုဝိုင်းတွင် မစ္စတာအော်ဘွန်ဟိုးအပြင် အတိုင်ပင်ခံ တရားဥပဒေပြုလွှတ်တော်မှ အမတ်မင်း ဦးရွှေတောင်၊ ဆန်စပါးပွဲစားကြီး ဆာဘိုးမြနှင့် မြဂနိုင်သစ်တောသူဌေး ဦးမောင်ကြီးတို့လည်း ရှိနေကြသည်။ ထိုဝိုင်း၌ ပြောဆို

mgyoe.com

mgyoe.com SAMPLE BOOK

နေကြသော အကြောင်းအရာမှာ ထိုနှစ်အတွင်း အလုပ်သမားနှင့် တောင်သူလယ်သမားများ မငြိမ်မသက်ဖြစ်နေသည့် အကြောင်းကိစ္စများ ဖြစ်ကြလေသည်။ တရုတ်သူဌေးကြီးက ၄င်း၏ ရော်ဘာခြံ အလုပ်သမားများ အလုပ်ကောင်းကောင်း မလုပ်ကိုင်ဘဲ လုပ်ခကို တိုး၍တိုး၍ တောင်းနေသည့်ကိစ္စကို ညည်းညူလျက် ဆန်စပါးပွဲစားကြီး ဆာဘိုးမြကတော့ ၄င်း၏ ဧကငါးဆယ်ခန့်မျှရှိသော လယ်များကို လုပ်ကိုင်ကြသည့် တောင်သူလယ်သမားများ လယ်ထောက်ခ ခါတိုင်းနှစ်များကဲ့သို့ ပြည့်ပြည့်ဝဝ မပေးကြသည့်အကြောင်းကို ညည်းညူပြောဆိုခြင်း ပြုလေသည်။

ဤကဲ့သို့ ယောက်ျားများက တစ်ဝိုင်းဖွဲ့ကာ စကားပြောဆိုနေကြခိုက် လေဒီဘိုးမြသည် ကာလတန်ဖိုးအရ သုံးထောင်ခန့်မျှ ပေးရလိမ့်မည်ဟု ခန့်မှန်းရသော စိန်နားကပ်ကြီးကို ပန်ဆင်ကာ အိမ်ရှင် ဒေါ်မြကလေးနှင့် စကားကောင်းနေပေသည်။ လေဒီဘိုးမြနှင့် ဒေါ်မြကလေးတို့၏ ဝိုင်းတွင် မဟာဒေဝီနှင့် မြဂနိုင် ဒေါ်ငွေညွန့်တို့လည်း စုဝေးနေကြသည်။ မဟာမြိုင်ခင်ခင်တစ်ယောက်တော့မူ ပိတောက်မြိုင်မှ စောစောနှင့် မောင်မောင်နိုင်တို့ မောင်နှမနှစ်ယောက်နှင့်အတူ နှင်းဆီ ပန်းအိုးကြီးတစ်ခုအနီးတွင် ရယ်ကာမောကာ စကားပြောဆိုနေလေသည်။

ခင်ခင်သည် ၄င်း၏ မမစော ပြောဆိုနေသည့် ဂျာမနီပြည်သို့ ပန်းနာရောဂါ သွားရောက်ကုသရမည့်အကြောင်းကို အတန်ကြာမျှ နားထောင်ရပြီးနောက် မောင်မောင်နိုင်က ပြောဆိုသော ပါရီမြို့၏ လှပသော ညများအကြောင်းကို နားထောင်ခြင်းပြုလေသည်။ မောင်မောင်နိုင်သည် ၄င်းတို့၏ မိဘများရှိစဉ်တုန်းကတည်းက တစ်နှစ်လျှင် တစ်ကြိမ်လောက် နိုင်ငံခြားသို့ သွားရောက်လည်ပတ်တတ်သူတစ်ဦး ဖြစ်လေသည်။ သူသည် ဥရောပနိုင်ငံပေါင်း မြောက်မြားစွာတို့ကို ရောက်ရှိခဲ့ဖူးသူလည်း ဖြစ်သည်။ မောင်မောင်နိုင်သည် ၄င်းလည်ပတ်ရောက်ရှိခဲ့ဖူးသော နိုင်ငံခြားတိုင်းပြည်များအနက် ဆွစ်ဇာလန်နှင့် ပြင်သစ်ပြည်တို့ကို များစွာချီးမွမ်းတတ်လေ့ရှိသည်။ ထို့ပြင် ချီးမွမ်းသော နှစ်နိုင်ငံအနက် ပြင်သစ်ပြည်ကို ပို၍ပို၍ သဘောကျသကဲ့သို့ ပိုမိုချီးမွမ်းပြောဆိုခြင်း ပြုတတ်လေသည်။

'ပါရီမြို့ကို မရောက်ဖူးဘဲနဲ့ လူဖြစ်ကျိုးမနပ်ဘူး' ဆိုသောစကားကို မကြာခဏ ပြောဆိုခြင်းပြုတတ်လေသည်။

ခင်ခင့်ထက် ဆယ်နှစ်ခန့်မျှ ကြီးသော်လည်း များစွာစိတ်ဝင်စားစရာကောင်းသော မောင်မောင်နိုင်ကို မဟာမြိုင် သခင်မကလေးသည် ကြာကြာတွေ့စိတ်ဝင်စားခြင်းမရှိနိုင်ချေ။ ၄င်း၏ နိုင်ငံခြားမှ ဗဟုသုတနှင့် အတွေ့အကြုံများကို

mgyoe.com

mgyoe.com SAMPLE BOOK

ချည်းသာ ကြာရှည်သဖြင့် နားထောင်နေရသောအခါ ငြီးငွေ့၍လာလေသည်။ ထို့အတူ မမစော၏ ပန်းနာရောဂါအကြောင်းကိုလည်း ပျင်းရိဖွယ်ရာ ကြားနာခြင်းပြုနေရသောအခါ ငြီးစီစီကြီး ဖြစ်လာလေသည်။ တကယ်ဆိုတော့ ခင်ခင်သည် လှုပ်ရှားစွန့်စားမှုကိုသာ တွေ့ချင်မြင်ချင်သည့် မိန်းမပျိုကလေးတစ်ယောက်မျှသာ ဖြစ်ပေသည်။ ပင်ပန်းဖွယ်ရာကောင်းသော ပန်းနာရောဂါနှင့် ပါရီမြို့၏ လှပသော ညနေခင်းများကို ထပ်ခါတလဲလဲ မကြားချင်လှတော့ချေ။ ထိုအခိုက်တွင် မစ္စတာအော်တွန်ဟိုး၏ သမီးပျိုကလေး ကြင်မြိုင်နှင့် ဆာဘိုးမြ၏သား မောင်ရွှေဝင်းတို့ ကူး၍ လာကြသဖြင့် ခင်ခင်သည် ဧည့်သည်များကို ရှိုရှိုသေသေနှင့် ခွင့်တောင်းကာ ထိုဝိုင်းအတွင်းမှ ထွက်လာခဲ့သည်။

ထိုကဲ့သို့ ထွက်၍သာ လာခဲ့သော်လည်း ခင်ခင်သည် ရည်ရွယ်ချက်မရှိသေးချေ။ ပန်းနာရောဂါနှင့် ပါရီမြို့တို့၏ အကြောင်းအရာများကို ငြီးငွေ့၍သာ ထွက်ပြေးလာခြင်း ဖြစ်လေသည်။

"ဟဲလို. . . မစ်(စ်)ရွှေနှောင်း. . . နေထိုင်ကောင်းပါရဲ့လား"ဟု အင်္ဂလိပ်ဘာသာစကားဖြင့် နှုတ်ဆက်လိုက်သော အသံကို ကြားလိုက်ရသောအခါ ခင်ခင်သည် ၎င်းအား မစ်(စ်)ရွှေနှောင်းဟု ခေါ်ဝေါ်နှုတ်ဆက်နေသော ဧည့်သည်ကို ပြန်လှည့်၍ ကြည့်လိုက်မိသည်။ ထိုဧည့်သည်မှာ ဘိလပ်သား ရာဇဝတ်ဝန်ကြီး မစ္စတာကင်းဘဲ ဖြစ်နေသည်။ မစ္စတာကင်းဘဲသည် အိမ်ထောင်မရှိသေးသော နိုင်ငံခြားသား အရာရှိကြီးတစ်ဦး ဖြစ်လေသည်။ ခင်ခင်၏ မိဘများနှင့်လည်း များစွာရင်းနှီးခင်မင်သော မိတ်ဆွေတစ်ဦးလည်း ဖြစ်လေသည်။

"နေကောင်းပါတယ် မစ္စတာကင်းဘဲ. . . ရှင်ကော နေထိုင်ကောင်းတယ်နော်" ခင်ခင်က ခေတ်ပညာတတ်ဖြစ်သော အမျိုးသမီးတစ်ဦးပီပီ ထိုဧည့်သည်အား ခွန်းတုံ့ပြန်၍ နှုတ်ဆက်လိုက်သည်။

ထိုအခိုက် ချက်ကောင်းကို စောင့်ဆိုင်း ချောင်းမြောင်းနေဟန်တူသော အခြားလူပျိုနှစ်ယောက်တို့သည်လည်း ခင်ခင်နှင့် ကင်းဘဲတို့ စကားပြောဆိုနေကြသော ရွက်လှေပန်းပင်များအနီးသို့ ဒုန်းစိုင်းကာ ရောက်ရှိလာကြပြန်လေသည်။ တစ်ယောက်သောလူပျိုမှာ အသက်အစိတ်ခန့်မျှသာ ရှိလိမ့်ဦးမည်ဖြစ်သော စော်ဘွားကြီး စဝ်အုံကြည်၏ သားတော် ကျမိုင်းကလေးဖြစ်၍ ကျန်တစ်ယောက်မှာ မြဂနိုင်သူဌေး ဦးမောင်ကြီးနှင့် ဒေါ်ငွေညွန့်တို့၏သား ဝိဇ္ဇာဘွဲ့ရပြီး မောင်ကျော်တင့် ဆိုသူ ဖြစ်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုကဲ့သို့ ဝိုင်းအုံ၍ နေကြသော အဖိုးတန် လူပျိုကာလသားများကို အိမ်ရှင်ဝတ္တရားရှိသည့်အတိုင်း ခင်ခင်သည် နာရီဝက်နီးပါးခန့်မျှ မနည်းကြီး ဟန်လုပ်အောင့်အည်းကာ ညှော်ခံစကား ပြောဆိုခြင်းပြုနေရပြန်လေသည်။ ဥတ္တရတိုင်းမှ ကျမိုင်းကလေးက ၎င်းတို့၏ မောအရပ်ဒေသသို့ တနင်္ဂနွေတစ်ပတ်လောက် လိုက်လံလည်ပတ်ခြင်းပြုရန် ဖိတ်မန္တကပြုလျက်ရှိသကဲ့သို့ ဝိဇ္ဇာဘွဲ့ရ သူဌေးသားကလည်း ၎င်းတို့၏ မြဂနိုင်ကြီးဝိုင်းအတွင်းသို့ အမဲပစ်ရင်း လိုက်လံလည်ပတ်ရန်အတွက် ဖိတ်ခေါ်နေပေသည်။ ကျမိုင်းကလေးက မောအရပ်တွင် ဆယ့်နှစ်ရာသီစလုံး ဖူးကြပွင့်ကြသော ပန်းများအကြောင်းနှင့် စတော်ဘယ်ရီသီးများအကြောင်းကို ပြောကာ ဆွဲဆောင်ခြင်း ပြုလေသည်။ မြဂနိုင် မောင်ကျော်တင့်က ၎င်းတို့၏ မြဂနိုင်သစ်တောကြီးအတွင်း၌ လှပ၍ ချစ်စရာကောင်းလှသော သမင်မကလေးများနှင့် ယုန်ကလေးများ ရှိကြသည့်အကြောင်းတို့ကို ပြောဆိုကာ ဖြားယောင်းခြင်း ပြုလေသည်။

ခင်ခင်သည် များစွာ အလားအလာရှိနေသော ကာလသားနှစ်ဦးတို့၏ စကားများကို တော်တော်ကြီး အောင့်အည်းနားထောင်ခြင်းပြုပြီးနောက် 'ခေါင်းကိုက်လာသည်'ဟု အကြောင်းပြကာ လမင်းနှင့် ကြယ်တာရာများ ထွန်းပနေသော မြက်ခင်းပြင်မှ ၎င်း၏မိဘနှစ်ပါးတို့၏ အရိပ်အခြေကို လှမ်း၍ ကြည့်ပြီးနောက် မှောင်ရိပ်ဘက်ဆီသို့ ခိုးကြောင်ခိုးဝှက် ထွက်ပြေးလာခဲ့မိသည်။

ခင်ခင်သည် ပိုး၊ ဖဲ၊ စိန်၊ ရွှေနှင့် နိုင်ငံခြားအရက်ဖန်ခွက်များ ပတ်ဝန်းကျင်မှ ထွက်ပြေးလာခြင်းသည် ထိုအခမ်းအနား အဆောင်အယောင်တို့ကို မလိုလား၍ တော့ကား မဟုတ်ချေ။ အလွန်အမင်း များပြားလွန်းအားကြီး၍ ငြီးစီလာခြင်းမျှ လောက်သာ ဖြစ်လေသည်။ တကယ်ဆိုတော့ မဟာမြို့င်သူဌေးသမီး ခင်ခင်သည် မွေးလာကတည်းက ငွေဇွန်းကို ကိုက်၍ အချင်းကို ရွှေလင်ပန်းနှင့် ဆေးကာ မွေးခဲ့ရသူတစ်ဦး မဟုတ်သလော။ သို့ရာတွင် လင်းထိန်သော မီးရောင်တွင် တောက်ပဝင်းလက်သော ပိုး၊ ဖဲ၊ စိန်၊ ရွှေတို့ကို ကြည့်ရမြင်ရဖန် များလာသောအခါ အဘယ်သူ၏ မျက်လုံးသည် မကျိန်းစပ်ဘဲ ရှိသနည်း။ အဖိုးတန် ရေမွှေး၊ ပေါင်ဒါနှင့် အရက်နံ့များကို ကြာရှည်သဖြင့် ရှူရှိုက်ခြင်းပြုရသောအခါ၌လည်း အဘယ်သူသည် ထိုင်းမှိုင်းခြင်းမှ လွတ်ကင်းနိုင်သနည်း။ သူတို့အားလုံး ပြောကြဆိုကြသော အကြောင်းအရာများသည်လည်း သူတို့ ကွက်ကွက်ကလေး ပတ်ဝန်းကျင်တစ်ဝိုက်၌ ဖြစ်ပွားနေသော အကြောင်းအရာနှင့် အဖြစ်အပျက်များသာ ဖြစ်ကြလေသည်။ မြဂနိုင်သူဌေးကတော်က စိန်လက်ကောက်တစ်ရံကို လေးထောင်မျှ ပေးဝယ်ခြင်းပြုသည့်

mgyoe.com

mgyoe.com
SAMPLE BOOK

အကြောင်း၊ ဥတ္တရတိုင်း စော်ဘွားကြီးက တောကြို့ဘုရားပွဲတော်တွင် လူစည်ကားသဖြင့် အခွန်တော် သုံးထောင်ခန့်မျှ ကောက်ခံရရှိသည့်အကြောင်း၊ မြေပိုင်ရှင်သူဌေးကြီးနှင့် ပွဲစားကြီး ဆာဘိုးမြက ဘုရင်ခံမင်းမြတ်၏ ရန်ပုံငွေသို့ နှစ်သောင်းမျှ လှူဒါန်းထည့်ဝင်လိုက်သည့်အကြောင်းနှင့် မမစော၏ ပန်းနာရောဂါအကြောင်းများလောက်ကိုသာ ထပ်တလဲလဲ ကြားနေရသောအခါ ငယ်ရွယ်၍ ကျန်းမာသန်စွမ်းသော ခင်ခင်သည် ထိုအကြောင်းအရာနှင့် အဖြစ်အပျက်တို့ကို စိတ်ဝင်စားခြင်းမပြုနိုင်လောက်အောင် ဖြစ်လာလေသည်။ ခင်ခင်သည် ရေမွှေးနံ့၊ ပေါင်ဒါနံ့များထက် လတ်ဆတ်သော လေကို ရှူရှိုက်ချင်လာသည်။ စိန်ရွှေရတနာများနှင့် ပါရီမြို့၏ ညခင်းများ အကြောင်းအရာတို့ထက် သစ်ရွက်ကလေးများ၏ တီးတိုးကဗျာရွတ်ဆိုသံကို ကြားချင်လာသည်။ ထို့ကြောင့် ၎င်း၏ မွေးဖွားကြီးပြင်းလာခဲ့ရာ ပတ်ဝန်းကျင်မှ ခေတ္တတဖြုတ် ထွက်ပြေးလာခဲ့ခြင်းမျှသာ ဖြစ်လေသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# တောနှင့် တောင်မြို့

ပန်းမျိုးစုံ ဆင်မြန်းလျက် လျှပ်စစ်မီးပွင့်များ ဝင်းထိန်၍ နေအောင် တပ်ဆင်ကာ ဥယျာဉ်တော်ပွဲ ခင်းကျင်းနေသော မြက်ခင်းပြင်နှင့် မလှမ်းမကမ်းရှိ နန္ဒကန်စောင်းဘက် တစ်လျှောက်တွင်မူကား ညဥ့်သည် မှောင်မဲတိတ်ဆိတ်လျက် ရှိလေသည်။ တစ်ချက်တစ်ချက် လေဝှေ့လာတတ်သောအခါများ၌ ကန်ဘောင်ရိုးတစ်လျှောက်တွင် စီတန်းကာ လှလှပပ စိုက်ပျိုးထားသော ကံ့ကော်ပင်များ အချင်းချင်း တီးတိုးစကား ပြောသံဆိုသံကလေးများကို မသဲမကွဲ ကြားရတတ်လေသည်။

နန္ဒကန်စောင်းနှင့် ကိုက်ငါးဆယ်သာသာခန့် ကုန်းတန်းကလေးတစ်ခုထက်တွင် ကြီးမားလှသော မြင်းဇောင်းနှင့် တွဲလျက် ဆိုက်ကုလားများ နေထိုင်ဖို့အတွက် ဆောက်လုပ်ထားသော တန်းလျားရှည်ကြီးတစ်လုံး ရှိသည်။ ဆိုက်ကုလားများသည် အိပ်စက်ခြင်း မပြုကြသေးချေ။ ၎င်းတို့၏ အမိတိုင်းပြည်နှင့် အမိတိုင်းပြည်တွင် ထားပစ်ခဲ့ကြရသော သားမယားများကို အောက်မေ့လွမ်းဆွတ်သည့်အကြောင်း ဖွဲ့နွဲ့ထားသော အိန္ဒိယတေးဟောင်းတစ်ပုဒ်ကို ဝိုင်းဖွဲ့ကာ ခပ်တိုးတိုး ခပ်အုပ်အုပ်ကလေး သီဆို၍ နေကြသည်။

မြင်းဇောင်းနှင့် ဆိုက်ကုလားတန်းလျား မလှမ်းမကမ်းရှိ ကြျူဝါးရုံတောစပ်ကလေးအနီးတွင် မဟာမြိုင်ရဲတိုက်ဝင်းကို စောင့်ကြပ်ကြည့်ရှုရသော ရဲတိုက်စောင့် ဦးရွှေမှုန် နေထိုင်သည့် အိမ်ပုကလေးတစ်လုံးလည်း ရှိလေသည်။ ထိုအိမ်ပုကလေး

mgyoe.com

mgyoe.com
SAMPLE BOOK

အတွင်း၌ မီးထွန်းညှိထားခြင်း မရှိချေ။ သို့ရာတွင် အိမ်ပုကလေးအတွင်း၌ အသက်လေးဆယ်သာသာခန့် သျှောင်တစောင်းနှင့် လူကြီးတစ်ယောက်သည် မြေခရားအိုးနှင့် ကျိုနေသော လက်ဖက်ရည်ကြမ်းအိုးကို မီးထိုးလျက် ရှိလေသည်။ ဦးရွှေမှုန်မီးထိုးနေသော မီးဖိုမှ မီးရောင်ဖြင့် အိမ်ပုကလေး၏ မျက်နှာစာ ဝါးကွပ်ပျစ်ကလေးပေါ်တွင် တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးတောနေပုံရသော အသက်အစိတ်သာသာခန့် လူရွယ်တစ်ဦးကိုလည်း မထင်မရှား တွေ့မြင်ရလေသည်။ လူရွယ်သည် တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးတောစဉ်းစားလျက် ရှိနေရာမှ အိမ်ပုကလေးအတွင်း၌ မီးထိုးနေသော လူကြီးကို တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ရင်း "ဦးလေးမှုန်ကလည်း သက်သက် ဒုက္ခရှာနေတာပဲဗျာ"ဟု များစွာ အားနာဟန်ဖြင့် ညည်းတွားပြောဆိုခြင်း ပြုလိုက်သည်။

မီးဖိုတွင် မီးတော်တော်ကလေး တောက်လာပြီဖြစ်သောကြောင့် ဦးရွှေမှုန်သည် ဝါးကွပ်ပျစ်ဆီသို့ ထလာပြီးနောက် လူရွယ်နှင့် မလှမ်းမကမ်းတွင် ထိုင်လိုက်သည်။ လူရွယ်သည် ခပ်လှမ်းလှမ်းတွင် လရောင်ပြတ်ကာ ပန်းမျိုးစုံ ဖူးပွင့်နေသော မြက်ခင်းပြင်ဘက်သို့ လှမ်းကြည့်နေရာမှ သက်ပြင်းကို ခပ်လေးလေးချရင်း. . . "ကျွန်တော့်အတွက်နဲ့ ဦးလေးမှုန်တစ်ယောက်လည်း ဒုက္ခပါပဲဗျာ"ဟု ထပ်မံပြောဆိုလိုက်ပြန်သည်။

"မင်းကို ရေနွေးအိုး ကျိုတိုက်ရတာဟာ ဦးလေးမှုန်အတွက် ဒုက္ခမဟုတ်ပါဘူးကွ. . . မောင်ဒေဝရ. . . မင်းတစ်ယောက်ကလည်း အားနာစရာမဟုတ်တာကို အားနာတတ်ရန်ကောကွာ"

ဦးရွှေမှုန်သည် လူတစ်ဖက်သားကို များစွာအားနာတတ်ပုံရသော မောင်ဒေဝ၏ ပခုံးကို ရင်းရင်းနှီးနှီးပုတ်ရင်း ပြောဆိုခြင်းပြုလိုက်သည်။

မောင်ဒေဝသည် ဦးရွှေမှုန်အား နောက်ထပ်၍ ဘာမျှပြောဆိုခြင်းမပြုတော့ဘဲ ၎င်း၏ လွယ်အိတ်အတွင်းမှ ဆေးတံနှင့် ဆေးဘူးတို့ကို ထုတ်ယူနေသည်။ ထို့နောက် ဆေးတံကို ဆေးထည့်ကာ မီးညှိလိုက်လေသည်။

မီးသဘော်ခေါင်းတိုင်မှ မီးခိုးများ ထုတ်သလို ဆေးတံကိုသာ တွင်တွင်ကြီး ဖွာလျက်ရှိနေသော မောင်ဒေဝကို ဦးရွှေမှုန်သည် အတန်ကြာမျှ အကဲခတ်ကြည့်ရှုနေပြီးမှ "ဒါထက် မင်းရောက်တဲ့အကြောင်း သူဌေးကိုကော အကြောင်းကြားခဲ့ပြီးပြီလားကွ. . . မောင်ဒေဝ"ဟု မေးခွန်းသစ်ကို မေးမြန်းလိုက်သည်။

မောင်ဒေဝသည် ဆေးတံကို ပါးစပ်မှ ထုတ်ယူလိုက်ပြီးနောက် ဆေးတံ

mgyoe.com

mgyoe.com SAMPLE BOOK

ထဲသို့ ဝင်နေသော ဆေးချေးဖတ်နှင့် တံတွေးများကို ခါလေသည်။ ထိုသို့ ဆေးတံကို သန့်ရှင်းစင်ကြယ်စေပြီးမှ ပြန်၍ ခဲရင်း. . . "ကျွန်တော် ရောက်ရောက်ချင်း ကျွန်တော်ရောက်လာတဲ့အကြောင်းနဲ့ ကျွန်တော်နဲ့ပါလာတဲ့ ကိစ္စတွေအကြောင်း ကို သူဌေးရဲ့ ဘဏ္ဍာစိုး ဦးထွန်းဝင်းကတစ်ဆင့် အစီရင်ခံထားတယ်ဗျ ဦးလေးမှုန်" ဟု ပြန်၍ ပြောဆိုလိုက်သည်။

"ဦးထွန်းဝင်းက မင်းကို ဘာပြောသလဲကွ"

"သူဌေးသမီး အိမ်ကို ကနေ့ပဲ ပြန်ရောက်လာလို့ ပြန်ရောက်လာတဲ့ အထိမ်းအမှတ်အနေနဲ့ ဉယျာဉ်ပွဲနဲ့ ညစာစားပွဲကို လုပ်နေရလို့ သူဌေးမအားတဲ့ အကြောင်း ပြန်ပြောလိုက်တယ်"

"မင်းက မင်းကိစ္စ အရေးကြီးတဲ့အကြောင်းကိုကော ပြန်မပြောဘူးလား ကွ မောင်ဒေဝရဲ့"

"သတ္တုတွင်း ပြိုကျလို့ အလုပ်သမားငါးယောက် သေတဲ့အကြောင်းနဲ့ ရော်ဘာခြံအလုပ်သမား နှစ်ရာကျော်က သူတို့ ရသင့်ရထိုက်တဲ့ လိုလားချက်တွေ မရမချင်း အလုပ်ပြန်မဆင်းဘဲ သပိတ်မှောက်နေကြတဲ့ အကြောင်းတွေကို ကျွန်တော် သေသေချာချာ ပြောပြသားပဲ ဦးလေးမှုန်"

"ဒါတွေကို ပြောပြတာတောင်မှပဲ ဘဏ္ဍာစိုး ဦးထွန်းဝင်းက ဒီကိစ္စတွေ အကြောင်း သူဌေးကို ပြောပြပြီး မင်းနဲ့ လူချင်းတွေ့ခွင့် မပေးနိုင်ဘူးတဲ့လားကွာ"

"ဒါတွေတင်မကသေးဘူး ဦးလေးမှုန်. . . ပဲခူးချောင်းဖျားက သစ်အလုပ် သမား ငါးဆယ်ကျော်ကျော် ကိုယ်ယောင်ကိုယ်ဖော ရောဂါတွေဖြစ်နေလို့ အလုပ် အကိုင်တွေ ရပ်ထားရတဲ့အကြောင်းနဲ့ မော်လမြိုင်က ဆန်စက်အလုပ်သမားတွေ နေတဲ့ တန်းလျားကြီး ပြိုကျလို့ အလုပ်သမားတွေ နေစရာ ထိုင်စရာမရှိ ဖြစ်နေကြ တဲ့ အကြောင်းတွေကိုပါ ဦးထွန်းဝင်းကို ကျွန်တော် သေသေချာချာ နားလည်အောင် ရှင်းလင်းပြောပြခဲ့ပါသေးတယ် ခင်ဗျာ"

"ဒါလောက်တောင် အရေးကြီးနေတဲ့ကိစ္စတွေ ပါလာရက်နဲ့ သူဌေးနဲ့ မင်းကို ဦးထွန်းဝင်းက ကနေ့ည မတွေ့ပေးနိုင်ဘူးတဲ့လားကွာ"

"သူ့သမီးကလေး အိမ်ကို ပြန်ရောက်လာလို့ သူ့မိတ်ဆွေတွေ အပေါင်း အသင်းတွေနဲ့ ပျော်ပွဲလမ်းပွဲ ကျင်းပနေချိန်မှာ ဒီလိုအမင်္ဂလာကိစ္စတွေနဲ့ အကြောင်း အရာတွေကို မပြောနိုင်ဘူးတဲ့။ မနက်ကျတော့မှပဲ လူချင်းတွေ့ပေးနိုင်လိမ့်မယ် အဲဒီတော့မှ ပြောပါလို့ ပြောလိုက်တယ် ဦးလေးမှုန်ရဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခိုက် ရေနွေးခရားအိုးသည် ဆူကာ အငွေ့များ ထွက်လာသဖြင့် ဦးရွှေမှုန်သည် ဝါးကွပ်ပျစ်ပေါ်မှ ကတိုက်ကရိုက်ဆင်းကာ အိမ်ပုကလေးအတွင်းသို့ ပြန်ဝင်သွားလေသည်။

မောင်ဒေဝသည် နောက်ထပ် ဆေးတစ်အိုးကို ထပ်၍ဖြည့်ကာ ဆေးတံကို မီးညှိပြန်လေသည်။ သူသည် တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးတောနေသကဲ့သို့ ဆေးတံကို တအားခဲရင်း လေဝှေ့သဖြင့် ခပ်လှမ်းလှမ်းဆီလောက်တွင် ၄င်းတို့အချင်းချင်း တီးတိုးစကားပြောနေသော ကုံကော်ပင်များကို ငေးမော၍ ကြည့်ရှုနေလေသည်။ ကန်ဘောင်ရိုးတစ်လျှောက်တွင် စီတန်း၍ စိုက်ပျိုးထားသော ကုံကော်ပင်များကိုသာ သူသည် ငေးမောကြည့်ရှုနေသော်လည်း လှပသော ကုံကော်ပင်များကိုမူကား သူသည် မမြင်ရချေ။ တဝေါဝေါ စီးဆင်းနေသော ပဲခူးချောင်းဖျားဘက်ရှိ ဇောင်းတူ သစ်တော ကြိုးဝိုင်းကြီးကိုသာ မြင်နေသည်။

ဇောင်းတူသစ်တောကြိုးဝိုင်းသည် မဟာမြိုင်သူဌေး ဦးရွှေနှောင်းက အင်္ဂလိပ်အစိုးရမင်းများထံမှ ဆယ်နှစ်စာချုပ်နှင့် ဝယ်ယူထားသော ကျွန်းသစ်ကြိုးဝိုင်းကြီးတစ်ဝိုင်း ဖြစ်လေသည်။ ထိုကြိုးဝိုင်းမှ တစ်နှစ်တစ်နှစ်လျှင် ကျွန်းသစ်တန်ချိန် နှစ်ထောင်ခန့် ထုတ်ယူလျက် နှစ်စဉ် အမြတ်ငွေ တစ်သိန်းနီးပါးခန့်မျှ မှန်မှန်ကြီး ရရှိနေသည်။ ထိုအမြတ်ငွေများကို ဦးရွှေနှောင်း ရရှိရန်အတွက် ၄င်း၏ ကွဲသမား၊ ဆင်သမား၊ သစ်ခုတ်သမားနှင့် ဖောင်သမား တစ်ရာကျော်ကျော်ခန့်လောက်က ကျားတော-ဆင်တောထဲတွင် စွန့်စွန့်စားစား လုပ်ကိုင်ပေးကြရလေသည်။ သို့ရာတွင် များမကြာမီက အလုပ်သမား ငါးဆယ်ကျော်ကျော်ခန့်တို့သည် ဆင်းရဲချို့ငဲ့သော အာဟာရ၊ မလုံလောက်သော ဆေးဝါးနှင့် ဆိုးဝါးသော ရာသီဥတု၏ ဒဏ်ရာဒဏ်ချက်များကြောင့် ကိုယ်ယောင်ကိုယ်ဖော ရောဂါများ ဖြစ်ပွားလျက်ရှိကြသည်။ ထိုသို့ ရောဂါဖြစ်နေကြသော အလုပ်သမားများအတွက် ဆေးဝါးလည်း မပေး၊ ဆရာဝန်လည်း မရှိသဖြင့် သည်အတိုင်း ပစ်ထားရသလို ရှိနေသည်။ ဤကဲ့သို့သော ဂရုမစိုက်ဘဲ ကြာရှည်သဖြင့် ပစ်ထားပါက အများအပြား သေကြေပျက်စီးကုန်ကြတော့မည် ဖြစ်လေသည်။

ထို့နောက် မောင်ဒေဝသည် ထားဝယ်နှင့် မြိတ်သို့သွားသော လမ်းမကြီးဘေးတွင်ရှိသည့် သူဌေးဦးရွှေနှောင်း၏ ရတနာပုံသတ္တုတွင်းမှ အလုပ်သမားများအကြောင်းကို ဆက်လက် တွေးတောနေမိသည်။ ရတနာပုံသတ္တုတွင်း၌ အလုပ်သမားနှစ်ရာခန့်နှင့် သံဖြူနှင့် အဖြိုက်သတ္တုများကို ထုတ်လုပ်နေခဲ့သည်မှာ နှစ်ပေါင်း

mgyoe.com

mgyoe.com
SAMPLE BOOK

နှစ်ဆယ်ခန့်မျှ ကြာမြင့်လေပြီ။ ထိုသတ္တုလုပ်ငန်းမှ မဟာမြိုင်သူဌေးသည် တစ်နှစ်တစ်နှစ်လျှင် အနည်းဆုံး တစ်သိန်းခွဲသာသာလောက် မြတ်စွန်းလေသည်။ သို့ရာတွင် ရတနာပုံသတ္တုတွင်းမှ အလုပ်သမားများ၏ အခြေအနေမှုကား ဘာမျှ တိုးတက်မှုမရှိဘဲ တစ်နှစ်ထက်တစ်နှစ် ဆိုးဝါးကြပ်တည်းသည်ထက်သာ ကြပ်တည်းဆိုးဝါးလျက် ရှိလေသည်။ အလုပ်ခွင်အခြေအနေမှာလည်း အလွန်တရာ ဆိုးဝါးညံ့ဖျင်းလှသဖြင့် နှစ်စဉ်လိုလို အလုပ်သမားများ ထိခိုက်ဒဏ်ရာရကြလေသည်။ လွန်ခဲ့သောတစ်ပတ်သာသာခန့်လောက်က တွင်းတစ်တွင်း ပြိုကျဖြင့် အလုပ်သမားငါးယောက်တွင်းပိသေဆုံးကာ အလုပ်သမား တော်တော်များများသည် ၎င်းတို့၏ အလုပ်ခွင်အခြေအနေနှင့် ပတ်သက်၍ တော်တော်ကြီး မကျေမချမ်း ဖြစ်နေကြသည်။

ထိုကဲ့သို့ ဇောင်းတူ ကြိုးဝိုင်းမှ သစ်တောအလုပ်သမားများနှင့် ရတနာပုံသတ္တုတွင်းမှ အလုပ်သမားများအကြောင်းကို စဉ်းစားနေခိုက် ဦးရွှေမှုန်သည် လက်ဖက်ရည်ကြမ်းအိုးနှင့် ပန်းကန်များကို ယူကာ အိမ်ကလေးထဲမှ ထွက်လာသည်။ ထို့ကြောင့် မောင်ဒေဝသည် ၎င်း၏အတွေးကို ဖြတ်လိုက်ရပြီးလျှင် ၎င်းအား သောက်စေလို၍ မီးပူခံကာ တည်ခင်းခြင်းပြုသော ဦးရွှေမှုန်၏ လက်ဖက်ရည်ကြမ်းအိုးကို ငှဲ့ကာ သောက်လေသည်။

"ထန်းလျက်ဖြူ ဆုပ်တွေ စားစမ်းပါဦးကွ မောင်ဒေဝ"ဟု ဦးရွှေမှုန်က တိုက်တွန်းပြန်သည့်အတွက် မောင်ဒေဝသည် ထိုအဘိုးကြီး စိတ်ကျေနပ်သွားစေရန်အတွက် များစွာစားသောက်ချင်စိတ် မရှိလှသော်လည်း ထန်းလျက်ဖြူဆုပ် သုံးလေးခဲကို လှမ်းယူ၍ စားသောက်ရလေသည်။

ဤသို့ မောင်ဒေဝသည် ထန်းလျက်ဖြူဆုပ်များကို စားရင်း လက်ဖက်ရည်ကြမ်းကို ငြိမ်သက်စွာ သောက်နေစဉ် "မင်း ကနေ့ည ရဲတိုက်ကြီးမှာပဲ အိပ်မလို့လား"ဟု ဦးရွှေမှုန်က မေးလိုက်ပြန်သည်။

"ဦးလေးမှုန် တဲမှာပဲ စိတ်ချမ်းသာ လက်ချမ်းသာနဲ့ လွတ်လွတ်လပ်လပ် အိပ်စမ်းပါရစေ ခင်ဗျာ"

မောင်ဒေဝက တိုတိုပဲ ပြန်၍ပြောဆိုလေသည်။

"ငါ့မှာ ခြင်ထောင်မှ မရှိတာကွာ မင်းကို ခြင်ကိုက်မှာပေါ့"

ရဲတိုက်စောင့်အဘိုးကြီးက ၎င်း၏အခြေအနေကို ရှင်းလင်းပြောဆိုလိုက်ပြန်သည်။

"တောထဲ တောင်ထဲမှာ အမြဲလိုလိုနေရတဲ့ လူတစ်ယောက်က ခြင်ကိုက်တာ

mgyoe.com

mgyoe.com
SAMPLE BOOK
လောက်ကိုတော့ စာဖွဲ့မနေပါဘူး ဦးလေးမှုန်ရဲ့”ဟု ပြောဆိုပြီးနောက် မောင်ဒေဝသည် ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် ၎င်း၏လွယ်အိတ်ကို ဝါးကွပ်ပျစ်ပေါ် သို့ချကာ “ရေကန်ဘက်ကို ကျွန်တော် ခဏသွားကြည့်လိုက်ဦးမယ်နော် ဦးလေးမှုန်” ဟု ပြောဆိုရင်း နန္ဒကန်စောင်းဘက်သို့ ငိုက်စိုက်ငိုက်စိုက်နှင့် ထွက်သွားလေသည်။

♦ ♦ ♦

mgyoe.com